ဆုတောင်းပြည့်
အဓိဋ္ဌာန်အောင်

# ဗိုလ်တထောင်စေတီတော်မှ





# ဘိုးဘိုးကြီးနှင့်မြနန်းနွယ်

ဂမ္ဘီရဆရာလှမျိုး(B.Sc)

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်၊ အုပ်ရေ (၁၀၀၀) |
| ထုတ်ဝေသည့်ကာလ | - | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ |
| ထုတ်ဝေသူ | - | ဦးအောင်ခိုင်မြင့်<br>မဇ္ဈိမစာပေ(မြဲ ၀၀၂၆၅)<br>အမှတ်(၄၇)၊ ၁ လမ်း၊ ၁၁ ရပ်ကွက်၊<br>တောင်ဥက္ကလာပမြို့နယ်၊ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် | - | ဦးမျိုးမြင့်ကျော်<br>မြတ်ထက်ဟိန်းပုံနှိပ်တိုက်(မြဲ ၀၀၄၆၉)<br>တိုက်(၈)၊ အခန်း (၀၀၄)၊<br>လိပ်ကန်လမ်း၊<br>ပုဇွန်တောင်ဥယျာဉ်အိမ်ယာ၊<br>ပုဇွန်တောင်မြို့နယ်။ |
| တန်ဖိုး | - | ၁၂၀၀ ကျပ် |

CIP-294.3

ဂန္ထီရဆရာလှမျိုး(B.Sc)

ဆုတောင်းပြည့်အဓိဋ္ဌာန်အောင် ဗိုလ်တထောင်စေတီ

တော်မှ ဘိုးဘိုးကြီးနှင့်မြန်နန်းနွယ်၊ ရန်ကုန်မြို့။

မဇ္ဈိမစာပေ၊ စာ-၈၈၊ ၁၇.၇၈ × ၁၇.၇၈ စင်တီ။

# ဆုတောင်းပြည့်အဓိဋ္ဌာန်အောင် ဗိုလ်တထောင်စေတီတော်မှ ဘိုးဘိုးကြီးနှင့်မြနန်းနွယ်

ဂန္ဓီရဆရာလှမျိုး (B.Sc)

● ဖြန့်ချိရေး ●

မဇ္ဈိမစာပေ

အမှတ် (၂၃၇)၊ (ပထမထပ် - ဝဲ)၊ ၃၉ - လမ်း၊ အပေါ်ဘလောက်၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁ - ၈၃၉၂၈၃၅၊ ၀၉ - ၇၇၃၇၇၄၇၃၃၊ ၀၉ - ၂၆၃၈၀၆၆၀၀

# မာတိကာ


- စာရေးသူ၏ မှာတမ်းလွှာ ၇
- မိုလ်တာထောင် ကျိုက်ဒေးအဝ်ဆံတော်ဦးစေတီ ဘုရားရှိခိုး ၁၃
(၁) သမိုင်းအကျဉ်း ၁၅
(၂) ဆုတောင်းပြည့်အဓိဋ္ဌာန်အောင် မိုလ်တာထောင်စေတီတော်မြတ်ကြီး ၂၃
- နန်းဦးဘုရားကြီး ၄၄
- မိုလ်တာထောင်ဘိုးဘိုးကြီး ၄၆
- အစ်မတော်မြနန်းနွယ် ၆၇
- ဘောဂဝတီနဂါးမယ်တော် ၉၀

# နှိုက်နှိုက်ချွတ်ချွတ် ကုသိုလ်

(၁)

ကျွန်တော်ရေးသော "မဇ္ဈိမပြတိုက်" စာအုပ်လေး ရောင်းကောင်းသည်ဟု ကြားသိရသည့်အတွက် ဝမ်းမြောက်မိသည်။ ဗုဒ္ဓဂယာ ခရီးသွားများအတွက် လက်ဆွဲစာအုပ်တစ်အုပ်ဟု ဝေဖန်ခြင်းခံရသည့်အတွက်လည်း ကျေနပ်ပါသည်။ အားထုတ်အပင်ပန်းခံရကျိုးနပ်သည်ဟူ၍လည်း ပီတိဖြစ်မိသည်။ ထိုခရီးသွားဆောင်းပါးရှည်ကြီးကို သူလိုငါလို အပေါ်ယံရုပ်ရုပ်ရေးခြင်းမဟုတ်ဘဲ မေးတန်မေး၊ မှတ်တန်မှတ်၊ ကူးတန်ကူး၊ ဖတ်တန်ဖတ်နှင့် နှိုက်နှိုက်ချွတ်ချွတ် လေ့လာခဲ့ရပါသည်။ ဥပမာ- ဂိဇ္ဈကုဋ်တောင်ဆိုသည်မှာ ဂိဇ္ဈ = လင်းတ၊ ကူဋ = တောင်ထွတ်၊ ထို့ကြောင့် ဂိဇ္ဈကုဋ်တောင်၏ အဓိပ္ပာယ်မှာ လင်းတနှင့်တူသောတောင်ဟု ခေါ်ကြောင်း ရှင်းလင်း

ဖွင့်ဆိုနိုင်ရုံသာမက လင်းတန္တတ်သီးနှင့် တကယ်တူသော တောင်ထွတ်ပုံကို ဓာတ်ပုံအထောက်အထားနှင့်တကွ ဖော်ပြခဲ့တာမျိုး ဖြစ်သည်။

နောက်တစ်ခါ နယူးဒေလီရှိ မြတ်စွာဘုရား သတိပဋ္ဌာန်သုတ် ဟောကြားရာနေရာထူးအခန်းကို ရေးရာတွင်လည်း သတိပဋ္ဌာန သုတ္တန်ဖြစ်ပေါ်လာရခြင်းနှင့် အရေးကြီးပုံတို့ကို ဖော်ပြခဲ့ပြီး ထိုနေရာမှ ကျောက်ခဲကလေးများကို ကောက်ယူလာစေခြင်းဖြင့် ဗုဒ္ဓနှင့် ဓမ္မ အငွေ့အသက်များကို သယ်ဆောင်လာခြင်းမည်ကြောင်းလည်း လမ်းညွှန်တင်ပြထားပါသည်။ ဒါမှလည်း နေရာဒေသတစ်ခုကို သွားရကျိုး၊ ဘုရားဖူးရကျိုးနပ်မည်ဟု ကျွန်တော် ထင်ပါသည်။ ဘုရားဖူးထွက်ပြီး သူများဖူး လိုက်ဖူး၊ နဖူးမြေစိုက် ဦးတိုက်ပြီး ပြန်လာသည့်ကုသိုလ်နှင့် ထိုဘုရား၏သမိုင်း၊ နောက်ခံရာဇဝင်ကို ခြေခြေမြစ်မြစ်သိပြီး ဘယ်နေရာမှာ ဘာရှိသည်၊ ဘယ်အချိန် ဘယ်လို အာရုံပြုရမည်၊ ဘာအတွက် ဘာလုပ်ရမည်ကို ဂဃနဏ သိပြီး ဖူးမြော်ခြင်းက ပို၍ကုသိုလ်ရနိုင်မည်ဟု ကျွန်တော် ယုံကြည်ပါသည်။

(၂)

ဂမ္ဘီရဆရာလှမျိုး(BS.c) က "ဆုတောင်းပြည့်အဓိဋ္ဌာန်အောင် ဗိုလ်တထောင်စေတီတော်မှ ဘိုးဘိုးကြီး နှင့် မြနန်းနွယ်" ဟူသော အမည်ဖြင့် စာအုပ်တစ်အုပ်ကို ရေးသားပြုစုခဲ့ပါသည်။

ဆရာလှမျိုးသည် 'ကျွန်တော် တည်းဖြတ်ထုတ်ဝေသော နေလဂမ္ဘီရ ဂျာနယ်တွင် ပင်တိုင်ရေးနေသည့် ဝိုင်းတော်သားစာရေးဆရာတစ်ဦး ဖြစ်ပါသည်။ ဆရာလှမျိုးသည် မည်သည့်စာပေအမျိုးအစားကို ရေးရေး စာဖတ်သူအပေါ်တွင် စေတနာထားကြောင်း သူ့စာများကို အခါအားလျော်စွာ ဖတ်နေရသော ကျွန်တော်က အသိဆုံးဖြစ်သည်။ စာကောင်းတစ်ပုဒ်ဖြစ်စေရန် အချက်များစွာ လိုအပ်သည့်အနက် စာရေးသူ၏စိတ်စေတနာမှာလည်း တစ်ခုအပါအဝင်ဖြစ်သည်။ စာရေးသူတို့ ရေးသောစာသည် ယင်းစာရေးသူ၏ စိတ်တွင် ထင်ဟပ်ပေါ်လွင်လာသည့်အရာများကိုသာ ချရေးသွားခြင်းမျိုး ဖြစ်သည်။ ထို့ကြောင့်ပင် ဆရာဇော်ဂျီက "စာကောင်းရေးချင်ရင် စိတ်ကောင်းမွေး" ဟု ဆိုစကား ထားခဲ့ခြင်းဖြစ်ဟန်တူသည်။

ယခုလည်း ဆရာလှမျိုးက "ဆုတောင်းပြည့်အဓိဋ္ဌာန်အောင် ဗိုလ်တထောင်စေတီတော်မှ ဘိုးဘိုးကြီးနှင့်မြနန်းနွယ်" ဟု စာအုပ် အမည်တပ်ထားသော်လည်း ထိုအကြောင်းများသာမက ဆံတော်များ အကြောင်း၊ ဆံတော်တိုက်အကြောင်း၊ မဂ္ဂင်ရစ်ပါးကို ရည်ရွယ်သည့် ထောင့်ရစ်ထောင့် ဖွဲ့စည်းမှုအကြောင်း၊ စွယ်တော်ဘုရား၊ နန်းဦး ဘုရား၊ အစ်မတော်မြနန်းနွယ် လာရောက်လှူဒါန်းသည့် မဟာဓေယျ သိဒ္ဓိ မေတ္တာရှင်မုနိဘုရားကြောင်းများကိုပါ စေတနာပါပါ ထည့် သွင်းရေးသားထားသည်ကို တွေ့ရသည်။ (ဒါတောင် စီစဉ်သူက ဘုရားသမိုင်းထက် လက်ရှိလူတွေ ကိုးကွယ်ပူဇော်ပသမှုအပိုင်းကို ဖောင်းပေးရေးခိုင်းထား၍ ဖြစ်သည်။ ဤသည်မှာလည်း ဘုရား

သမိုင်း၊ ဘိုးဘိုးကြီးသမိုင်း၊ အစ်မတော်မြနန်းနွယ်သမိုင်းကို ယခင်က ထုတ်ဝေထားသောကြောင့် ဖြစ်သည်။)

(၃)


လောကၾ ဘယ်အရာမဆို သော့အထားနှင့်သူ ဖြစ်သည်။ သော့ Key နှင့်သူ ဖြစ်သည်။ အောင်မြင်မှုပန်းတိုင်ကို ရောက်လိုသူတိုင်း လွယ်လင့်တကူ ရောက်ကြရသည်မဟုတ်ပါ။ ဘဝသည် ကျွန်တော်တို့ ထင်ထားသည်ထက် ပိုမိုခက်ခဲနေမည်သာ ဖြစ်သည်။ ထို့ကြောင့် ရှေ့တွင် ကာဆီးပိတ်ဆို့ထားသည့် အခက်အခဲ၊ ပြဿနာများကို ကျွန်တော်တို့ နေ့စဉ် ကျော်ဖြတ်နေကြရပါသည်။ ထိုသို့ ကျော်ဖြတ်ရာၾ ဘယ်တံခါးကို ဘယ်သော့နှင့် ဖွင့်လှျင်ရသည်ဆိုသောအချက်မှာ အခရာဖြစ်သည်။ ထိုအချက်ကို မသိသဖြင့်လည်း အောင်မြင်ခြင်းရှိရာဆီသို့ မရောက်တတ်နိုင်ဘဲ အခက်အခဲဆိုသော ဝဲသြဃထဲတွင်သာ ချာချာလည်နေတတ်ပါသည်။

ယခု ဆရာလှမျိုးက ဗိုလ်တထောင် ကျိုက်ဒေးဒပ်ဆံတော်ရှင် ဘုရားပရိဝုဏ်အတွင်းရှိ အောင်မြေ၊ အောင်ဌာန၊ အောင်အတိတ်၊ အောင်နိမိတ်များနှင့် ဘယ်နေရာမှာ ဘယ်ပုံ၊ ဘယ်ပုဂ္ဂိုလ်ကို ဘယ်နည်းဖြင့် ပူဇော်ခြင်း၊ စီရင်ခြင်း၊ အဓိဋ္ဌာန်ပြုခြင်း ဆောင်ရွက်ခြင်းတို့ဖြင့် မိမိတို့တွင်ရှိနေသော အခက်အခဲများကို ပြေပျောက်စေရန် စေတနာဗရပွဖြင့် နိုက်နိုက်ချွတ်ချွတ် ရေးသားတင်ပြလိုက်ပေပြီ။ ထို့ကြောင့် စာဖတ်သူများအနေဖြင့် ယုံယုံကြည်ကြည် လိုက်နာ

ဆောင်ရွက်ကြမည်ဆိုလျှင်ဖြင့် ခါတိုင်း ဘုရားဖူးနေကျ၊ ခါတိုင်း ကုသိုလ်ရနေကျအပြင် နိုက်နိုက်ချွတ်ချွတ် ကုသိုလ်အသေးအမွှားလေး ပင်မကျန် ရရှိ၍ အောင်မြင်မှုများလည်း ပိုင်ဆိုင်နိုင်မည်မှာ မလွဲဟု အမှာစကားပါးလိုက်ရပါသည်။

**နွယ်ဦးလှိုင်**

အောက်တိုဘာလ၊ ၂၀ ရက်၊ ၂၀၁၇။







## စာရေးသူ၏ မှာတမ်းလွှာ

ကျွန်ုပ် စာရေးသူသည် ငယ်စဉ်ဘဝမှ စ၍ ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော်သို့ မကြာခဏ ရောက်ရှိခဲ့ပါသည်။ အလွယ်တကူ ဗိုလ်တထောင်ဘုရားဟု ခေါ်ဆိုကြသည်။ အညာဒေသမှ ဧည့်သည်များကို ဘုရားဖူးလိုက်ပို့၊ သူတို့တည်းခိုသော ဗိုလ်တထောင်ဘုရားအနီးမှ ဘုန်းကြီးကျောင်းသွားနှင့် ဗိုလ်တထောင်နှင့် ရင်းနှီးခဲ့ရပါသည်။

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သောအခါ ဗိုလ်တထောင်ဒေသကောလိပ်သို့ တက်ရောက်ရသည်။ နှစ်နှစ်တာကာလ ဗိုလ်တထောင်ဘုရားရောက်၊ ဗိုလ်တထောင်ဆိပ်ကမ်းရောက်ဖြစ်သည်။ သို့သော် ဗိုလ်တထောင်ဘိုးဘိုးကြီးနှင့် အစ်မတော်မြနန်းနွယ်ကိုတော့ သတိမထားမိပါ။

လောကီပညာ လိုက်စားသောအခါ ဗိုလ်တထောင်ဘုရားအနီးမှ ဆရာကြီးဦးလင်းအောင် ဟောခန်းတွင် ဆရာဦးအောင်ကြွင်ထံမှ

နဝင်းပညာများ လေ့လာသင်ယူရသည်။ နှစ်လ၊ သုံးလကြာ ဗိုလ်တထောင် ရောက်ရှိရပြန်သည်။ အချိန်ရလျှင် ဗိုလ်တထောင်စေတီတော်နှင့် နန်းဦးဘုရား ဝင်ဖူးဖြစ်သည်။ အုန်းငှက်ပျောတန်းနှင့် တည့်တည့်အဝင်ပေါက်မှ အလှူယ်တကူ ဝင်ရောက်ဖြစ်သည်။ (ယခု အဆိုပါတံခါးပေါက် ပိတ်ထားလိုက်ပါပြီ)

နှစ်စဉ် ကျင်းပမြဲ ဗိုလ်တထောင်ဘုရားပွဲကိုလည်း တစ်နှစ်တစ်ကြိမ် ရောက်ဖြစ်သည်။ ရုပ်ရှင်မင်းသားကြီးဦးကျော်ဟိန်း တည်ထားကိုးကွယ်တော်မူသော အသိသတိ ကြေးဆင်းတုရုပ်ပွားတော်မြတ်ကြီး ဗိုလ်တထောင်မှာ ကိန်းဝပ်စံပယ်သောအခါ လှူစည်ကားခဲ့သည်။ လွန်ခဲ့သော (၇) နှစ်ခန့်က အစ်မတော်မြနန်းနွယ် မွေးနေ့ပူဇော်ပွဲ သတင်းသွားယူပြီး နေလဂျာနယ်တွင် ရေးသားဖော်ပြပေးခဲ့သည်။ အစ်မတော်မြနန်းနွယ်ဓာတ်ပုံ နေလဂျာနယ်တွင် ပထမဆုံးမျက်နှာဖုံးအဖြစ် ဖော်ပြပေးခဲ့သည်။ မြစ်ထဲ ဖောင်မျှောတာလည်း လိုက်ပါသွားသည်။

တစ်ဖန် သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ဘုရားကြီး မွေးနေ့ပူဇော်ပွဲ သက်တော် (၈၄) နှစ်မှ စ၍ ဗိုလ်တထောင်ဘုရားဝင်း ဆိပ်ကမ်းမွှာရုံမှာ စည်ကားစွာ ကျင်းပသည်။ စာရေးသူ နှစ်စဉ်နှစ်တိုင်းရောက် သတင်းယူကာ ဂျာနယ်မှာ ရေးသားဖော်ပြပေးခဲ့ပါသည်။

ဗိုလ်တထောင်ဘိုးဘိုးကြီးအကြောင်း အစ်မတော်မြနန်းနွယ် အကြောင်း လေ့လာကာ ဘိုးဘိုးကြီးများစာအုပ်၊ မယ်တော်ကြီးများ

စာအုပ်တွင် ရေးသားဖော်ပြပေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ထင်ရှားကျော်ကြားသော စေတီတော်များထဲတွင် တစ်ဆူပါဝင်သော ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် သမိုင်းအကျဉ်းနှင့် အဓိဋ္ဌာန်အောင် ဆုတောင်းပြည့်မှုများ၊ ထူးခြားမှုများ၊ ဗိုလ်တထောင်ဘိုးဘိုးကြီးနှင့် အစ်မတော်မြနန်းနွယ်တို့၏ ဇာတ်ကြောင်းအကျဉ်းနှင့် အဓိဋ္ဌာန်အောင် ဆုတောင်းပြည့်ခြင်းများအကြောင်းကို စာရေးသူကိုယ်တိုင် လေ့လာမှတ်တမ်းတင်ပြီး စုစည်းကာ စာအုပ်တစ်အုပ်အဖြစ် ဖန်တီးပြုစုလိုက်ရပါသည်။

ဤစာအုပ်ဖြစ်မြောက်အောင် အကြံပေးသော အောင်နိုင်သူ (မဇ္ဈိမစာပေ)နှင့် ထုတ်ဝေပေးသူ ဦးအောင်နိုင်မြင့် (မဇ္ဈိမစာပေ) တို့ကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

ထို့ပြင်တဝ သိမှီသမျှ ပြောပြပေးသော ပထမံဆရာကြီး ဦးအောင်သူ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှည့်ကျ တာဝန်ကျလူကြီးများ၊ ဘုရားရှိခိုးရတု ရေးပေးသူ အောင်သျှင်သူ (မဟာမြေ)၊ အမှာစာရေးပေးသူ ဆရာနွယ်ဦးလှိုင်နှင့် အတွေ့အကြုံ ပြောပြပေးသူများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ဂမ္ဘီရဆရာလှမျိုး (B.Sc)

# ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီ ဘုရားရှိခိုး

ဗုဒ္ဓမြတ်စွာ၊ ပွင့်ထွန်းလာချိန်၊ ရောင်ဝါထိန်လင်း၊ ဂုဏ်ပြည့်ခြင်းဖြင့် လင်းလွန်းပင်ဝယ်၊ စံပယ်နေခိုက်၊ အံ့ဖွယ်မြင်ကြ၊ တဖုဿနှင့် ဘလ္လိကညီနောင်၊ အကျိုးဆောင်ဖို့၊ ဦးအောင်လျှောက်ထား၊ မြတ်ဘုရားထံ နှစ်ပါးသရဏဂုံ၊ ပြည်ကုံလုံမို့၊ ယုံကြည်သဒ္ဓါ၊ မြတ်နိုးစွာဖြင့် ဆယ်ဖြာလက်မိုး၊ လေးမြတ်နိုးစွာ၊ ရှိခိုးခဲ့ပါ၏။

ရှိခိုးပြီးကာ၊ ပြန်ကြရာ၌၊ ကြင်နာစင်ဖြူ၊ မေတ္တာကူ၍ ရှစ်ဆူဆံတော်၊ မြတ်ရှင်တော်က၊ ပူဇော်စေရေး၊ ချီးမြှင့်ပေးသည်။ မနေးတကွ၊ တဖုဿနှင့်၊ ဘလ္လိကညီနောင်၊ ကုန်သည်မောင်တို့ ပင့်ဆောင်ခဲ့ယူ၊ ဆံတော်တစ်ဆူကို၊ ပြည်သူအများ၊ ကြည်ညိုပွားဖို့ ကြိုးစားထမ်းဆောင်၊ ဗိုလ်တထောင်ရပ်၊ ကျိုက်ဒေးအပ်ဟု၊ မည်မှတ်တွင်ခေါ်

စေတီတော်ကို တည်တော်မူခဲ့ပါသတည်း။

ဤသို့တည်ထား၊ လွန်ထင်ရှားသည့်၊ ကျော်ကြားဂုဏ်ဆောင်၊ ဗိုလ်တထောင်ရပ် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီမြတ်အား လေးမြတ်ကြည်ညို၊ သဒ္ဓါ ပို၍ မာန်ကိုပုံချ၊ ဂါရဝဖြင့်၊ ဦးချ ကန်တော့ပါ၏ ဘုရား။

ဤသို့တောင်းယန်၊ အကြောင်းကံကြောင့်၊ ဘေးရန်လည်းကွာ၊ စိတ်ချမ်းသာ၍၊ လိုရာပြည့်ဝ၊ နှလုံးလှပြီး၊ အေးမြစေရည်၊ နိဗ္ဗာန် ပြည်သို့ ရောက်ရပါလို၏ အရှင်ဘုရား။



## အခန်း (၁)

# သမိုင်းအကျဉ်း

ဗိုလ်တထောင်စေတီတော်သည် ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမြို့နယ်တွင် တည်ရှိသည်။ ရန်ကုန်မြို့တွင် ထင်ရှားသော ဘုရားစေတီများအနက် တစ်ဆူပါဝင်သည်။ စေတီတော်ကြီး၏ အတိတ်သမိုင်းကြောင်းကို လေ့လာသောအခါ တပုဿ-ဘလ္လိက ညီနောင် ဆံတော်ပင့်သောအချိန်အခါကာလက စရပေမည်။

### ဗိုလ်တထောင်စေတီတော်သမိုင်းအကျဉ်း

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် နောင် အနာဂတ် သာသနာ မြန်မာပြည်၌ ရှည်မြင့်စွာ တည်တံ့မည်ကို မြင်တော်မူ၍ (၁၀၃) ခု၊ ဝါဆိုလဆန်း (၅) ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဦးခေါင်းတော်ကို ညာဘက်လက်တော်ဖြင့် ဆန့်တန်းသုံးသပ်တော်မူ၍ ပါလာသော ဆံတော်ရှစ်ဆူကို ဆုပ်ကိုင်တော်မူလျက် တပုဿ-ဘလ္လိကညီနောင်တို့

အား ဆံတော်များကို ပေးသနားတော်မူလိုက်၏။ ညီနောင်တို့သည် ဝိသကြံ့ဖန်ဆင်းပေးသော နဝရတ်စီရွှေခွက်ဖြင့် ခံယူကြကုန်၏။

## မြန်မာပြည်သို့ ဆံတော်ပင့်ဆောင်လာခြင်း

တပုဿနှင့် ဘလ္လိကညီနောင်တို့သည် ဆံတော်ရှစ်ဆူကို ရေလမ်းခရီးဖြင့် အဆင့်ဆင့် ပင့်ဆောင်လာကြပါသည်။ မဟာသက္ကရာဇ် (၁၀၃) ခုနှစ်၊ ဝါဆိုလဆန်း (၁၁) ရက်နေ့တွင် ပုသိမ်၊ မော်တင်စွန်းသို့ ဆိုက်ရောက်သည်။ နဂါးမင်းက ဆံတော်နှစ်ဆူ ခိုးယူထားလိုက်သည်ဟု ဆိုသည်။ မော်တင်စွန်းသည် မြန်မာပြည်တွင် ပထမဦးဆုံးတည်သော "ဆံတော်ရှင်မြတ် မော်တင်စေတီ"ဟု ခေါ်ဆိုကြသည်။ မော်တင်စွန်းမှ ဆက်လက်၍ သင်္ဘောလွှင့်ကြပြန်ရာ (၁၀၃) ခု၊ ဝါခေါင်လဆန်း (၁၄) ရက်နေ့ တနင်္ဂနွေနေ့တွင် "ဟပင်း" (ကသစ်ပင်) ဆိပ်ကမ်းသို့ ရောက်သည်။

ဤသို့ ပင့်ဆောင်လာသော ဆံတော်မြတ်သည် "တွံတေး" ရွှေဆံတော်တည်ထားရာ မေရုတ (မေရုဒ) ကုန်းမြင့်ပေါ်သို့ ပင့်ဆောင်၍ (၇) ရက်ပတ်လုံး ပွဲလမ်းသဘင်တို့ဖြင့် အကြီးအကျယ် ပူဇော်ကြကုန်၏။ ဤသို့ ဆံတော်များကို ရေလမ်းမှ အဆင့်ဆင့် ပင့်ဆောင်လာကြရာ ကြိုဆိုပူဇော်ကြသော မြို့ရွာဒေသအသီးသီးတို့၌ (တွံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ ဒလ၊ အံကြီး)တစ်လျှောက် ဆံတော်ကြိုစေတီခြောက်ဆူ တည်ထားကိုးကွယ်ခဲ့ကြရသည်။ ယခုတိုင် သမိုင်းဝင် အထင်အရှား တည်ရှိနေပါသည်။

## ဒဂုံသို့ ဆံတော်ဆိုက်ရောက်ခြင်း

တပုဿ-ဘလ္လိကညီနောင်တို့သည် ဥက္ကလာပမင်းကြီးနှင့် ဖခင်သုဝဏ္ဏသူဌေးကြီးတို့ထံ ဆံတော်ပင့်ဆောင်ခဲ့သောအကြောင်းကို ကြားသိစေလေ၏။ မင်းကြီးလည်း အလွန်ဝမ်းမြောက်လှသဖြင့် သုဝဏ္ဏသူဌေးကြီးနှင့် တိုင်ပင်ကာ ခေါဘဏီတပ် ခင်းကျင်း၍ စစ်ဗိုလ်ပေါင်း (၁၀၀၀) တို့ဖြင့် ခမ်းနားကြီးကျယ်စွာ (၁၀၃) ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၅) ရက်၊ စနေနေ့တွင် ယခု ဗိုလ်တထောင် စေတီတော် တည်ရှိမည့် နေရာအရပ်မှ ကြိုဆိုပင့်ဆောင်တော်မူကြပြီး ၄င်းဆိပ်ကမ်း၌ပင် ပြုပြင်တည်ဆောက်အပ်သော ရတနာမဏ္ဍပ်တော်၌ ကိန်းဝပ်တော်မူရန် ပင့်ဆောင်ကြကုန်၏။

(ရှေးလူကြီးများ အပြောအရ ရန်ကုန်မြစ်သည်။ ယခင်က ယခုထက်မက မြစ်ပြင်ကျယ်ပြီး ပင်လယ်နှင့် ဆက်စပ်နေကြောင်း ရန်ကုန်ဆိပ်ကမ်းသည် ယခု ဗိုလ်တထောင်ဘိုးဘိုးကြီးအနီးနားတွင် ရှိနိုင်ကြောင်း၊ ဘိုးဘိုးကြီးနန်းဆောင် ညာဘက်တွင် တန်ဆောင်းတစ်ခု တွေ့မြင်ရသည်။ ထိုတန်ဆောင်းမှာ ဆံတော်ကြိုမဏ္ဍပ် တည်ဆောက်ထားသောနေရာဟု ယုံကြည်ယူဆရကြောင်း ပြောပြပါသည်။ အဆိုပါတန်ဆောင်းတွင် ကြည်ညိုဖွယ် ရုပ်ပွားတော်မြတ်ကြီးသုံးဆူ ကိန်းဝပ်စံပယ်တော်မူနေပါသည်။ ရန်ကုန်မြစ်ဘက် လှည့်နေ၏)။

ကုန်းဘောင်ခေတ်တွင် ရန်ကုန်ဆိပ်ကမ်းတွင် နိုင်ငံခြားသင်္ဘောများ အများအပြား ဝင်ထွက်သွားလာကြသကဲ့သို့ တရုတ်

လက်သမား အများစုပါဝင်သော သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများလည်း တွင်ကျယ်ခဲ့သည်။

ရန်ကုန်မြစ်နှင့် ကမ်းနားလမ်းတို့အကြား နယ်မြေကို ဆိပ်ကမ်းမြို့နယ်အဖြစ် သတ်မှတ်ထားပါသည်။ ယခင် ဗိုလ်တထောင်မြို့နယ်အတွင်း ပါရှိသည့် ဗိုလ်တထောင်ဘုရားမှာ ယခု ဆိပ်ကမ်းမြို့နယ်အတွင်း ပါဝင်ပါသည်။ ယခု တစ်ထောင်ဟု ရေးရသော်လည်း ရေးကအရေးအသား ဗိုလ်တထောင်ဟုပင် ရေးထားတာ တွေ့မြင်ရပါသည်။

## ဗိုလ်တထောင်စေတီ ဘုရားတည်နည်း

တပုဿနှင့် ဘလ္လိကတို့ ဆံတော်တစ်ဆူစီ ရ၍ တပုဿစေတီ တည်ရသဖြင့် (၁၀၃) ခု၊ တပို့တွဲလတွင် ဥက္ကလာမင်းကြီး တည်ထားသည်ဟု မှတ်တမ်းပြုထားသည်။ တပုဿနှင့် ဥက္ကလာမင်းကြီးတို့ တည်သော စေတီဟု ဆိုရပေမည်။ ဆံတော်ပင့်ရာ ဗိုလ်ခြေတစ်ထောင်နှင့် ဆင်း၍ ကြိုသည်ကို အစွဲပြု၍ ဗိုလ်တထောင်ဟု အမည်တွင်လေသည်။

ဘုရားတည်ပြီးသောအခါ အရပ်ကို အစွဲပြုပြီး ဗိုလ်တထောင်ဘုရားဆံတော်ကို ဦးစွာ တည်ထားကိုးကွယ်သောကြောင့် ဆံတော်ဦးစေတီဟု အမည်တွင်၍ မွန်ဘာသာဖြင့် ကျိုက်ဒေးအပ်ဘုရား၊ ကျိုက်-ဘုရားစေတီ၊ ဒေးမှာ တောင်ကုန်းဖြစ်ပြီး၊ အပ်မှာ သီချင်းဖြစ်ရာ သီချင်းသီဆိုရာ တောင်ကုန်းထက်မှ ဘုရားဟု ဆိုလိုဟန်

ရှိသည်။ စာအုပ်တစ်အုပ်တွင် ဒေး-အတိုးကြီး၊ အပ်-တောင်းဆိုသည်။ အတိုးကြီးဆံတော်တောင်းသည့်ဘုရားဟု အဓိပ္ပာယ်ရကြောင်း ရေးထားပါသည်။

ဗိုလ်တထောင်စေတီသည် အခြားဘုရားများနှင့်မတူ ဆံတော်သမိုင်း သုံးခုရှိနေသည်။ ပထမဆံတော်သမိုင်းမှာ အထက်ပါအတိုင်း ဖြစ်သည်။ ဒုတိယဆံတော်သမိုင်းအရ မြတ်စွာဘုရားထံမှ ဆံတော်ရရှိသော သထုံသီရိဓမ္မာသောကတိဿ ဓမ္မသီဟရာဇာမင်းကြီးသည် ဆံတော်တစ်ဆူကို သင့်တော်သော နေရာတွင် ဌာပနာရန် ရွေးချယ်ခဲ့သည်။ သူရသေနအမတ်ကြီးက ကျိုက်ပါစေတီ (ယခုအခေါ် ဗိုလ်တထောင်စေတီ)တွင် ဆံတော်ကို ထည့်သွင်းဌာပနာသင့်ကြောင်း လျှောက်ထားခဲ့သည်။

ထို့ကြောင့် သက္ကရာဇ် ၁၁၁ ခုနှစ်တွင် ဘုရင်မင်းကြီး ရရှိသော ဆံတော်ကို ထပ်မံဌာပနာတော်မူသောကြောင့် ဆံတော်ဓာတ်နှစ်ဆူရှိလေပြီ။ တတိယဆံတော်သမိုင်း သန်လျင်ကျွန်းသီဟဒီပသောကသေနမင်းကြီး စေခိုင်းအပ်သော မဟာပစ္စသေနာပတိ အမတ်ကြီးသည် မိမိ၏ ဆရာတော် ကျောင်းကုန်း ရဟန်းခေါ် ပုဂ္ဂိုလ်ကျော်နှင့် တိုင်ပင်ခဲ့ကြသည်။ ဆံတော်နှစ်ဆူ စုပေါင်းဌာပနာ၍ ဆံတော်တစ်ဆူနှင့် သရီရဓာတ်တော်နှစ်ဆူကို မြန်မာသက္ကရာဇ် (၃၅၉) ခုနှစ် (အေဒီ ၁၀၀၀) ခန့်တွင် ထပ်မံဌာပနာပြီးနောက် စေတီတော်ကို ပြန်လည်လွှမ်းခြုံအပေါ်မှ အုပ်ငုံကာ သင်တိုင်းရုံ ပြင်ဆင်တည်ထားကြပြန်သည်။

ထိုအချိန်မှစ၍ ကျိုက်ဒေးအပ် ဟူသော အမည်တော်ဖြင့် ပိုမိုထင်ရှားလာပြီးနောက် ရဟန်းရှင်လူတို့ အတွင်း၌ ထင်ပေါ်ကျော်ကြားလာခဲ့ပါသည်။

ဤကျိုက်ဒေးအပ်စေတီတော်မြတ်သည် မြစ်ကမ်းနားအနီးကုန်းမြေမြင့်အရပ်၌ တည်ရှိသဖြင့် မြင်မြင်သမျှ ရှုခင်းမှာ သာယာကြည်နူးဖွယ်ကောင်းလှပါသည်။ အထူးသဖြင့် မြစ်ရေပြင်ကို ဖြတ်သန်း၍ တိုက်ခိုက်လာသော လေပြည်လေညင်းကလေးများသည် ဘုရားဖူးလာကြသော ရဟန်းရှင်လူအပေါင်းတို့၏ စိတ်ဘဝင်ကို ကြည်နူးလန်းဆန်း အမောပြေစေပါသည်။

ရှေးယခင်ခေတ်က ဘုရားဝတ္တကမြေမှာ ယခုထက် အဆများစွာ ကျယ်ဝန်းပါသည်။ အင်္ဂလိပ်ခေတ် ဘုရားဝတ္တကမြေများဆုံးရှုံးခဲ့ရပြီး ဆရာတော်ကြီးများ၊ အကျိုးတော်ဆောင်လူကြီးမင်းများ၊ အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်များ စုပေါင်းဆောင်ရွက်ခဲ့ကြပါသည်။ နောက်ဆုံးတော့ ယခုလက်ရှိ အနေအထားသာ ရရှိခဲ့ကြပါတော့သည်။

ဒုတိယကမ္ဘာစစ်ပြီး၍ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသော ကောဇာသက္ကရာဇ် ၁၃၀၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၉) ရက် တနင်္ဂနွေနေ့ နံနက် (၈) နာရီ (၅၄) မိနစ်တွင် ဗိုလ်တထောင် စေတီတော်မြတ်ကြီးကို ပြန်လည်စတင်တည်ဆောက်ရန် ရွှေပန္နက်ရိုက်ခဲ့ကြသည်။

ရွှေပန္နက်များ တည်ဆောက်မည့် စေတီတော်ကြီး၏ ထောင့် (၅) ထောင့်ဖြစ်သော -


(၁) တနင်္ဂနွေနေထောင့်

(၂) အင်္ဂါထောင့်

(၃) စနေထောင့်

(၄) ရာဟုထောင့်

(၅) စေတီတော်ကြီး၏ဗဟိုတွင် ရွှေပန္နက်တော်များ ရိုက်ခဲ့ကြပါသည်။




ထိုထောင့်များသည် လောကီပညာအရ (ပါပ) ထောင့်များဖြစ်သည်။ ဂြိုဟ်သက်အားလုံးပေါင်း (၆ + ၈ + ၁၀ + ၁၂) = ၃၆ ရှိသည်။ တြင်းကျေ နဝင်းကျေ ဖြစ်သည်။ မကောင်းမှုပျောက်စေလိုသော ရည်ရွယ်ချက်လည်း ပါမည်ဟု ယုံကြည်သည်။

တစ်နည်းဆိုရလျှင် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီးအား လွတ်လပ်ရေးစေတီဟုလည်း သမိုင်းတွင် အတိအလင်း ဆိုထားပါသည်။

ဗိုလ်တထောင်စေတီတော် ပြန်လည်တည်ဆောက်ပြီး ကောဇာ သက္ကရာဇ် ၁၃၁၆ ခုနှစ် တပို့တွဲလပြည့်ကျော် (၁၂) ရက် စနေနေ့တွင် ရွှေချပြီးစီးခဲ့သည်။ ကောဇာသက္ကရာဇ် ၁၃၁၆ ခုနှစ် တပေါင်းလပြည့် အင်္ဂါနေ့တွင် သံဃာတော် (၁၀၈) ပါးတို့အား ဒံပေါက်ဆွမ်း ဆက်ကပ်ပြီး ဗိုလ်တထောင်စေတီတော်နှင့် ပတ်သက်၍ ပြုခဲ့သော ကုသိုလ်ကောင်းမှုများအားလုံးကို ၃၁ ဘုံသားများအတွက် ရည်စူး၍ ရေစက်သွန်းချ အမျှပေးဝေကြပါသည်။



## အခန်း ( ၂ )

# ဆုတောင်းပြည့်အမိဌာန်ဆောင် ဗိုလ်တထောင်စေတီတော်မြတ်ကြီး

ဗိုလ်တထောင်စေတီတော်မြတ်ကြီး ဖူးမြော်ရန် ကုသိုလ်ကောင်းမှုပြု၊ အမိဋ္ဌာန်ဆောင်ရွက်ရန် သွားရောက်ကြပါက အရှေ့မုခ်မှ ဝင်ရောက်ကြရမည် ဖြစ်ပါသည်။ (အခြားဝင်ပေါက်များ ပိတ်ထားပါသည်။)

အရှေ့မုခ်မှဝင်ပြီး တည့်တည့်လျှောက်ကာ စေတီအောက်လိုဏ်ဂူဝင်ပေါက်မှ ဝင်ရောက်ပြီး ဦးစွာပထမ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်တွင် စိန်၊ ရွှေ၊ ကျောက်သံပတ္တမြား ရတနာများဖြင့် စီခြယ်ထားသည့် ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်စစ်ရတနာနှင့် သီရိရဓာတ်တော်စစ် ရတနာတို့ ကိန်းဝပ်စံပယ်တော်မူနေသည်ကို ကြည်ညိုစွာ ဖူးတွေ့ကြရမည် ဖြစ်ပါသည်။

မဏ္ဍိုမ


BUDDHAS SACRED HAIR RELIC

ထိုနေရာသည် နေရာကျဉ်း၍ အချိန်ကြာကြာ အေးအေး ဆေးဆေး ဖူးရန်မလွယ်ကူပါ။ ဘုရားဖူးများ စဉ်ဆက်မပြတ် လာရောက်နေသည်ကို တွေ့မြင်ရပါသည်။ မတ်တတ်ရပ် လက်အုပ်ချီကာ ဘုရားဂုဏ်တော် အာရုံပြုကာ ဖူးမြော်နိုင်ပါသည်။ ဆံတော်ပူဇော်ထားရာအောက်တွင် ရေတွင်းပုံစံ တွင်းကြီးတွေ့ရပါသည်။ ဆံတော်ရှေ့တွင် အင်္ဂလိပ်စာဖြင့် BUDDHAS SACCRED HAIR RELIC ရေးသားထားပါသည်။ အောက်ဘက်တွင် တူးဖော်ပူဇော်ရရှိသည့် မူလဆံတော်ကိန်းဝပ်ရာ ဌာပနာတိုက် (ရေးမူမပျက်ပြုပြင်ထားသည်) ဟု ရေးသားထားပါသည်။ ထိုဆံတော်ဓာတ်တော်ရှေ့တွင် မြသပိတ်တစ်လုံး ထားရှိပါသည်။ ထိုမြသပိတ်ထဲသို့ အဓိဋ္ဌာန်ဖြင့် အလှူငွေများ ပစ်ထည့်လှူဒါန်းနိုင်ပါသည်။ သပိတ်ထဲမဝင်သည့် ငွေစက္ကူများ ဆံတော်တွင်းထဲသို့ ကျရောက်သွားပါသည်။ လွန်ခဲ့သော ဆယ်နှစ်ခန့်က ဟိန္ဒူလူမျိုးတစ်ဦးသည် သူ အလှူခံရရှိထားသော ကြေးလင်ပန်းထဲမှ ငွေစက္ကူများကို တစ်ရွက်ချင်း ပစ်၍ မြသပိတ်ထဲ ထည့်နေတာ တွေ့မြင်ဖူးပါသည်။ တစ်ရွက်မှ အောက်မကျခဲ့ပေ။

အပြင်ဘက်တွင်လည်း ဆံတော်၊ ဓာတ်တော်ကို ဓာတ်ပုံမှန်ဘောင်သွင်းပြီး အင်္ဂလိပ်-မြန်မာ စာတန်းရေးထိုးပြီး အနီးကပ်ပူဇော်နိုင်ရန် ဆောင်ရွက်ပေးထားပါသည်။

ဆံတော်၊ ဓာတ်တော်ကို ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ၊ လေ့လာသူများ အထူးကြည်ညိုစွာ လေ့လာဖူးမြော်လေ့ရှိပါသည်။

ဆံတော်စစ်နှင့် ဓာတ်တော်တို့ကို ပူဇော်ပြီးပါက လက်ယာရစ်လှည့် ပတ်ပူဇော်နိုင်ပါသည်။ လိုဏ်ဂူအတွင်းတွင် ထောင့် ရှစ်ထောင့်ပြုလုပ် ထားပြီး မဂ္ဂင်ရှစ်ပါးကို ရည်ရွယ်ကာ ပြုလုပ်ထားခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ထိုမဂ္ဂင်ရှစ်ပါးမှာ -

(၁) သမ္မာဒိဋ္ဌိ - ကောင်းမြတ်စွာ သိမြင်မှု၊
(၂) သမ္မာသင်္ကပ္ပ - ကောင်းမြတ်စွာ ကြံစည်ဆုံးဖြတ်မှု
(၃) သမ္မာဝါစာ - ကောင်းမြတ်စွာ ပြောဆိုမှု
(၄) သမ္မာကမ္မန္တ - ကောင်းမြတ်စွာ လုပ်ကိုင်ဆောင်ရွက်မှု
(၅) သမ္မာအာဇီဝ - ကောင်းမြတ်စွာ အသက်မွေးမှု
(၆) သမ္မာဝါယမ - ကောင်းမြတ်စွာ အားထုတ်ကြိုးပမ်းမှု
(၇) သမ္မာသတိ - ကောင်းမြတ်စွာ သတိရှိမှု
(၈) သမ္မာသမာဓိ - ကောင်းမြတ်စွာ စိတ်ထားတည်ကြည်မှု

တို့ ဖြစ်ပါသည်။

ထိုထောင့်တစ်ထောင့်စီတွင် တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း၊ ပဋ္ဌာန်းရွတ်ဆို ပူဇော်ခြင်းတို့ကို မိမိစိတ်ဆန္ဒအရ အေးချမ်းစွာ ဆောင်ရွက်နိုင်ပါသည်။ တိတ်ဆိတ်အေးချမ်း၍ သမထဝိပဿနာ ပွားများ အားထုတ်နိုင်ပါသည်။ ထောင့်တစ်ထောင့်စီတွင် ပဋ္ဌာန်း ပစ္စယနိဒ္ဒေသ သုံးခုစီ ရွတ်ဆိုပူဇော်နိုင်ပါသည်။ ပတ်ပတ်လည်တွင် လည်း ရှေးဟောင်းဘုရားရုပ်ပွားတော်မြတ်များ၊ ရှေးဟောင်းပစ္စည်း များ၊ အလှူရှင်အသီးသီး လှူထားသော ဘုရား, ရဟန္တာရုပ်ပွားတော် မြတ်များ၊ ဂန္ထီရပစ္စည်းများ၊ ထူးခြားသောမုဒြာပုံတော်များကို မှန်

ကျောင်းဆောင်ပုံစံပြုလုပ်ပြီး ပူဇော်ထားပါသည်။ ဖူးမြော်ကြည်ညို မဝအောင် များပြားလှပါသည်။

ဗိုလ်တထောင်စေတီတော်မြတ်ကြီးသည် မုခ်ဝတစ်ပေါက်မှ ဝင်ရောက်ပူဇော်နိုင်သောကြောင့် 'ရွှေမုဋ္ဌောစေတီ' တစ်ဝရူစေတီ ပုံစံနှင့်လည်း တူပါသည်။

ဗိုလ်တထောင်စေတီတော်မြတ်ကြီး (ဗိုလ်တထောင်ဘုရား) ကို အာရုံပြုကာ ဗိုလ်တထောင်ဘုရားရှိခိုးတစ်မျိုးမျိုးဖြင့် မည်သည့် နေရာမှမဆို ရှိခိုးပူဇော်ကန်တော့နိုင်ပါသည်။

## ဗိုလ်တထောင်ဘုရားရှိခိုး

(နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)၃

မြတ်စွာဘုရားသခင် ရာဇာယတန လင်းလွန်းပင်ဝယ် သီတင်းသုံးနေတော်မူစဉ် တပုဿနှင့် ဘလ္လိက ညီနောင်တို့သည် သရဏဂုံနှစ်ပါး တည်တော်မူပြီး မြတ်စွာဘုရားအား သဒ္ဓါကြည်ညို ဖူးမြော်ခဲ့ကြအချိန်အခါတွင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး မှ ဆံတော်ရှစ်ဆူ ချီးမြှင့်တော်မူရာ မှန်ခဲ့ပါ၏။

တပုဿနှင့်ဘလ္လိက ညီနောင်တို့သည် မြန်မာပြည်သို့ ပြန်လာသောအခါ ဗိုလ်တထောင်ဆိပ်ကမ်းသို့ ရောက်စဉ် ဥက္ကလာပ မင်းကြီး၊ သုဝဏ္ဏသုဋ္ဌေးကြီးနှင့် ဗိုလ်ခြေတစ်ထောင်တို့ ဆံတော်မြတ် ကို အထူးပင့်ဆောင်ပူဇော်ခဲ့သော မဏ္ဍပ်ကြီး တည်ရာ မြေမြတ်မဟာ

၌ တပုဿ ပူဇော်ခွင့်ရသော ဘုရားရှင်၏ ဆံတော်တစ်ဆူ၊ ဓမ္မသီဟ ရာဇာမင်းကြီး ရရှိသော ဆံတော်နှစ်ဆူမှ တစ်ဆူ၊ သီဟဒီပဘောဂ သေနမင်း ရရှိသော ဆံတော်များမှ တစ်ဆူ၊ စုစုပေါင်း ဆံတော် သုံးဆူဌာပနာတည်ထားသော ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော် ဦးစေတီတော်မြတ်ကြီးအား လက်ဆယ်ဖြာ ထိပ်မှာမိုးကာ ရှိခိုးပူဇော် ပါ၏ မြတ်စွာဘုရား ... မြတ်စွာဘုရား။

ဤသို့ထင်ရှားကျော်ကြား ဂုဏ်တန်ခိုးကြီးမားလှပါသော ဗိုလ်တထောင်စေတီတော်မြတ်ကြီးအား ရှိခိုးပူဇော် ကန်တော့ရသော အကျိုးအားကြောင့် ပြည့်နိဗ္ဗာန်ကို အမှန်ရောက်ရပါစေသား မြတ်စွာ ဘုရား။ နိဗ္ဗာန်မရမီစပ်ကြား ဘဝသံသရာ ကျင်လည်ရသော် သုဂတိ ဘုံသို့သာ ရရှိ၊ ရောက်ရှိရပါလို၏ ဗိုလ်တထောင်ဆံတော်ဦးမြတ်စွာ ဘုရား။ သြကာသ၊ သြကာ၊ သြကာသ --- ။

## ဗိုလ်တထောင်စေတီရှိခိုးပူဇော် အဓိဋ္ဌာန်ဝင်ရမည့်နေရာဌာနများ

- ဦးစွာပထမ ဆံတော်မြတ်ကို ဖူးမြော်ပြီး လိုဏ်ဂူအတွင်း အဆင်ပြေသောနေရာမှာ ပဋ္ဌာန်းပစ္စယနိဒ္ဒေသ၊ ပဋ္ဌာန်းပဥှာ ဝါရ၊ မေတ္တသုတ်၊ ဗုဒ္ဓဂုဏ်တော်ရွတ်ဖတ်ပူဇော်ပါ။
- ပဋ္ဌာန်းတစ်မျိုးတစ်ခေါက်၊ မေတ္တသုတ် (၉) ခေါက် ရွတ်ဖတ်ပူဇော်ပါ။ သရဏဂုံ + ပဋ္ဌာန်း (၂၄) ပစ္စည်း ပုတီးစိပ် ပါ။

မိမိမွေးနံ့ထောင့်နေရာမှာ ထိုင်ပြီး ပုတီးစိပ်၊ ပရိတ်၊ ပဋ္ဌာန်း

ရွတ်ဆို တရားဘာဝနာပွားများအားထုတ်နိုင်ပါသည်။

တနင်္ဂနွေသားသမီးဆိုပါက အရှေ့မြောက်ထောင့် ဆံတော်မြတ်၏ လက်ဝဲဘက်ထောင့်မှာ ထိုင်ကာ အဓိဋ္ဌာန်ဝင်ပူဇော်ပါ။ မဂ္ဂင်ရှစ်ပါးအရဆိုပါက သမ္မာအာဇီဝထောင့်မှာ ထိုင်ပါ။

လိုဏ်ဂူအတွင်း နေရာမမှတ်မိပါက အပြင်ထွက်၍ ရှိခိုးပူဇော်ပါ။ အပြင်ပြန်ထွက်လာသောအခါ လက်ဝဲဘက်ထောင့်သည် တနင်္ဂနွေထောင့် (အရှေ့မြောက်ထောင့်) ဖြစ်ပါသည်။ တနင်္ဂနွေထောင့်မှ လက်ဝဲဘက် (ဘုရားလက်ယာဘက်)တွင် တနင်္လာထောင့်ရှိပါသည်။

တနင်္လာသည် (သောမဂြိုဟ်) အရှေ့အရပ်ဖြစ်၍ ဆံတော်ဝင်ပေါက် အရှေ့မုခ်၏ ဝဲယာနှစ်ဖက်တွင် တည်ရှိသည်။ မိမိနှစ်သက်ရာ တစ်ထောင့်တွင် ပူဇော်နိုင်သည်။

တနင်္လာထောင့်ပြီးပါက အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ၊ ကြာသပတေး၊ ရာဟု၊ သောကြာ စသည်ဖြင့် လှည့်ပတ်ပူဇော်နိုင်ပါသည်။ ဂြိုဟ်ရှစ်ခွင် မိမိမွေးနံ့အလိုက် ပန်း၊ ဆီမီး၊ နံ့သာတိုင်၊ ရေတော်ကပ်လှူပူဇော်ပြီး ဘုရားရှိခိုးကာ လိုရာဆန္ဒ ဆုတောင်းနိုင်ပါသည်။

ဂြိုဟ်ရှစ်ခွင် ပူဇော်မည်ဆိုပါက တနင်္ဂနွေထောင့်မှစ၍ ဖြစ်စေ (သို့မဟုတ်) မိမိမွေးနံ့ထောင့်မှ စ၍ဖြစ်စေ လက်ယာရစ်လှည့်ပတ် ပူဇော်ရပါမည်။ ထောင့်လေးထောင့်တွင်လည်း တစ်ဦးစီ ဝင်ရောက် ပူဇော်နိုင်သော ဂန္ဓကုဋီတိုက် (တရားထိုင်လိုဏ်ဂူ) လိုဏ်ဂူထဲမှာ ဘုရားရုပ်ပွားတော်၊ အပေါ်တွင် စေတီပြုလုပ်ထားပါသည်။

## ဆုတောင်းပြည့်အစီအရင်အောင်

ဗိုလ်တထောင်စေတီသည် ပညတ်(ခတ်) ကောင်းသော ဘုရား ဖြစ်သည်။ လောကီပညာရှင် ဆရာကြီးများသည် အင်္ဂါ၊ ဗုဒ္ဓဟူးဂြိုဟ်စား သက်ရောက်နေပါက ကြာသပတေးတန်းစီး + စနေတိုင်ထိပ် (၅ + ၇) အတွဲဖြစ်နေ၍ ဗိုလ်တထောင်ခတ်ကို ယူကာ ဗိုလ်တထောင်စေတီမှာ ကုသိုလ်ကောင်းမှုပြု၊ ဘုရားကန်တော့ပွဲ လှူ၊ ထီးဖြူ၊ ဖယောင်းတိုင်၊ တမာညွန့်၊ ပိတောက်ညွန့်၊ ထောပတ်ဆွမ်း၊ ဒံပေါက်ဆွမ်း စသည်တို့ ကပ်လှူနိုင်းပြီး ပိတောက်သား ပုတီးဖြင့် 'ဗုဒ္ဓေါ' ဂုဏ်တော်စိပ်နိုင်းပါသည်။

စာရေးသူကိုယ်တိုင် 'ဗုဒ္ဓေါသိဒ္ဓိ' ပုတီးစိပ် အမိဋ္ဌာန်ဝင်ဖူးပါသည်။ တစ်နေ့ (တစ်ကြိမ်ဝင်) ပုတီး (၁၀) ပတ်စိပ်ရပါသည်။ (၁၀၈)လုံးတွင် (၈) လုံးဖယ်ပြီး အလုံး (၁၀၀) တစ်ပတ် ၁၀ ပတ် ဂုဏ်တော် (၁၀၀၀) ပွားများရပါသည်။

အနည်းဆုံး သာသနာငါးထောင်ကို ရည်ရွယ်၍ (၅) ရက် ၅၀၀၀၊ (၉) ရက် ၉၀၀၀၊ (၈၄) ရက် မဟာခန္ဓာပေါင်း ၈၄၀၀၀ ဝင်နိုင်ပါသည်။ နေ့စဉ်မပျက် မိမိအချိန်ရသလောက် ပွားများအားထုတ်နိုင်သည်။

(သို့မဟုတ်) မိမိမွေးနေ့၊ ကြာသပတေးနေ့၊ စနေနေ့၊ လပြည့်နေ့တွေမှာ ကုသိုလ်ကောင်းမှုပြုကာ ဂုဏ်တော် (၁၀၀၀) ပုတီးစိပ်ပါ။ ပဋ္ဌာန်းတစ်ခေါက်၊ မေတ္တာသုတ်ကိုးခေါက် ရွတ်ပါ။

တနင်္ဂနွေဂြိုဟ်ဟုခေါ်သော အိုးအိမ်၊ အလုပ်၊ ရာထူး၊

အဆောက်အဦ၊ အုပ်ချုပ်ရေး၊ မိသားစုလုပ်ငန်း စီးပွားအမျိုးမျိုးအတွက် ဗိုလ်တထောင် (၅ + ၇) သည် မိတ်ဓာတ်ဖြစ်နေပါသည်။

စနေဂြိုဟ်သက်ရောက်တွင် အလုပ်အဆင်မပြေ ဖြစ်နေသူ တစ်ဦးအား သူ၏ကိုယ်စား စာရေးသူမှ ဗိုလ်တထောင်ဘုရား စနေထောင့်တွင် ဖယောင်းတိုင် အနီ (၁၀) တိုင်၊ ထီးအနီ (၁၀) လက်၊ အမွှေးတိုင် (၁၀) တိုင် ပူဇော်ကာ ပဋ္ဌာန်းရွတ် မေတ္တာပို့ကာ ဆုတောင်းပေးလိုက်သည်။ တစ်ပတ်ခန့်အကြာတွင် သတင်းကောင်းကြားရပါတော့သည်။

ကျန်းမာရေးမကောင်းသူအတွက်လည်း ဗိုလ်တထောင်ဘုရားကြီးအား အာရုံပြု၍ မနက်ပိုင်းတွင် ထောပတ်ဆွမ်းကပ်လှူ၊ ဖယောင်းတိုင် သက်စေ့ပူဇော်၊ ငါးကန်တွင် ငါးသက်စေ့လွှတ်ကာ ဆုတောင်းမှု ပြုပေးပါသည်။ မကြာခင် ထူထူထောင်ထောင်ဖြစ်ကာ လမ်းလျှောက်သွားလာနိုင်ပါတော့သည်။

## နေသိဒ္ဓိပေါက် ဗုဒ္ဓေါ်ပွားတိုး ဗုဒ္ဓါနုဿတိ ပုတီးစိပ်နည်း

### (၁) ပုတီးစိပ်ရန်နေရာနှင့်အချိန်

(က) ဗိုလ်တထောင်စေတီတော်မြတ်ကြီး၏ မုခ်လေးမုခ် တည်ရာ (အရှေ့၊ တောင်၊ အနောက်၊ မြောက်) တစ်နေရာရာ မဟာဗောဓိပဋ္ဌာန်းစေတီတော်အနီး။

(ခ) မိမိနေအိမ်တွင် ဗိုလ်တထောင်စေတီတော်မြတ်ကြီး ပုံတော်

ပူဇော်၍ ဆောင်ရွက်ခြင်း။

(ဂ) နံနက်စောစော (သို့) ည လူခြေတိတ်ချိန်၊

(ဃ) မိမိမွေးနေ့နံနက် (၉) နာရီမှစ၍ အဓိဋ္ဌာန်ဝင်ခြင်း။

(၁) လပြည့်နေ့ဆိုပါက ဘုရားကို စောစောသွားပြီး ဆွမ်းတော်၊ ပန်း၊ ဆီမီးကပ်လှူပြီး မုခ်လေးဝတွင် ပုတီးစိပ်ပါ။

အိမ်တွင် အဓိဋ္ဌာန်ဝင်ပါက (၉) ရက်၊ ဘုရားမှာ ဝင်လျှင် တစ်ရက်တည်း အပြီးဝင်ရမည်။

(၂) စိပ်ရမည့်ပုတီးမှာ ပိတောက်သားပုတီးဖြစ်သည်။

(၃) အိမ်တွင်စိပ်လျှင် ညစဉ် ပုတီး (၇) ပတ် စိပ်ရမည်။ ဘုရားတွင် စိပ်ပါက မုခ်တစ်မုခ်စီတွင် ပုတီး (၇)ပတ် စိပ်ရမည်။

(၄) စိပ်ရမည့်ဂုဏ်တော်ပုတီးစိပ်နည်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

ပထမပုတီးပတ်တွင် ဗုဒ္ဓေါ (၁) ကြိမ်ဆို ပုတီးတစ် လုံးချ ပုတီး (၁) ပတ်။

ဒုတိယပုတီးပတ်တွင် ဗုဒ္ဓေါ (၂) ကြိမ်ဆို ပုတီးတစ်လုံးချ ပုတီး (၁)ပတ်။

တတိယပုတီးပတ်တွင် ဗုဒ္ဓေါ (၃) ကြိမ်ဆို ၁ ပတ်။

စတုတ္ထပုတီးပတ်တွင် ဗုဒ္ဓေါ (၄) ကြိမ်ဆို ၁ ပတ်။

ပဥ္စမပုတီးပတ်တွင် ဗုဒ္ဓေါ (၅) ကြိမ်ဆို ၁ ပတ်။

ဆဋ္ဌမပုတီးပတ်တွင် ဗုဒ္ဓေါ (၆) ကြိမ်ဆို ၁ ပတ်။

သတ္တမပုတီးပတ်တွင် ဗုဒ္ဓေါ (၇) ကြိမ်ဆို ၁ ပတ်။

စိပ်ရပါမည်။

ထို့နောက် တောင်ဘက်မုခ်မျက်စောင်းထိုး လိပ်ကန်အနီး ပဋ္ဌာန်းစေတီနှင့် ကပ်လျက်ရှိ ဆံတော်ကြိုတန်းဆောင်းအတွင်းရှိ ဘုရားကြီး သုံးဆူရှေ့တွင် အောက်ပါဂါထာအား (၉) ကြိမ် ရွတ်ဆို ဆုတောင်းပါ။

## အောင်ဆုထူးဂါထာ

ဧယစက္ကော ဧယန္တော္ယော

ဧယိတဗ္ဗေ ဧယာသနေ

ဧယာပေသိ ဧယေသိနံ

ဧယံဒေတု ဧယုတ္တရော။

ဤအစီအစဉ်ကို ဗိုလ်တထောင်ဘုရားတွင် ပြုလုပ်ပါက အကျိုးထူးပေးပါသည်။ ဘုရားမလာနိုင်၊ ခရီးဝေးသူများ ဘုရားပုံတော်အာရုံပြု၊ ဂုဏ်တော်အာရုံပြု ပူဇော်၍ရပါသည်။

ဘုရားရှိခိုး၊ ငါးပါးသီလခံယူ၊ တတ်နိုင်သလောက် ဒါနပြု၊ ဗုဒ္ဓေါပွားတိုး ပုတီးစိပ်၊ မေတ္တာပို့၊ လိုရာဆုတစ်ခုကို (၃) ကြိမ် ဆုတောင်းပါ။ အဓိဋ္ဌာန်ဝင်သောနေ့ သက်သတ်လွတ်စား၊ အရေးကြီးပါက ဗိုလ်တထောင်ဘုရားကြီးအား ကန်တော့ပွဲလှူ ပုတီးစိပ်ပါက ပိုကောင်းသည်။ မုခ်တစ်မုခ် (အရှေ့မုခ်)မှစ၍ စိပ်ပါ။ စုစုပေါင်း

(၄) မှန် ၇ × ၄ = ၂၈ ပတ် နှစ်ကျိပ်ရှစ်ဆူ အောင်ဆုယူဓာတ်ပါ မိနေပါတော့သည်။

## ထောင့်လေးထောင့် ဓာတ်တော်ဘုရားရှိခိုး

ဗိုလ်တထောင်စေတီတော်မြတ် သမိုင်းအကျဉ်းတွင် ရွှေပန္နက်တော်ကို ထောင့်လေးထောင့်နှင့် အလယ်ဗဟိုတွင် ချခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ ဗိုလ်တထောင်စေတီထောင့်လေးထောင့်နှင့် အလယ်ဗဟိုတို့တွင် မြတ်စွာဘုရား၏ ဆံတော်၊ ဓာတ်တော်တို့ကို အာရုံပြု၍ အောက်ပါဘုရားရှိခိုးဖြင့် ပူဇော်ကန်တော့သင့်ပါသည်။

## ဓာတ်တော်ဘုရားရှိခိုး

အသမ္ဘိန္နာ စ သမ္ဘိန္နာ၊ ဒုဝိဓာ ဇိန ဓာတုယော၊

တတ္ထ တတ္ထ ဋ္ဌိတာ သမ္မာ၊ တာဟံ ဝန္ဒာမိ ဓာတုယော။

အသံထွက်။ အသမ်ဘိန်နာ စ သမ်ဘိန်နာ၊

ဒု ဝိ ဓာ ဇိန ဓာတုယော၊

တတ်ထ တတ်ထ ထို့တာ သမ်မာ၊

တာဟံ ဝန်ဒါမိ ဓာတုယော။

ဇိနဓာတုယော၊ ငါးမာရ်အောင်မြင်ဘုရားရှင်၏ ဆံတော်၊ ဓာတ်တော်၊ မွေတော်တို့သည် အသမ္ဘိန္နာ၊ မကွဲအက် မပျက်မပြိုခြင်း သဘောရှိသော ဓာတ်တော်မွေတော်တို့သည်လည်းကောင်း၊ သမ္ဘိန္နာစ၊ ကွဲအက်ပြိုပျက်ခြင်း သဘောရှိသော ဓာတ်တော်မွေတော်တို့လည်း

ကောင်း (ဣတိ။ ဤသို့) ဒွိဓာ နှစ်မျိုးနှစ်စား၊ နှစ်ပါးအပြားရှိ တော်မူကြကုန်၏။ တာဓာတုယောသမ္ဘိန္န အသမ္ဘိန္န ထိုနှစ်ဝသော ဓာတ်တော် မွေတော်တို့သည် တစ္ဆ တစ္ဆ၊ လှုပြည် နတ်ပြည် နဂါး ပြည်နှင့် ဗြဟ္မာပြည်တဝ ထိုထိုသို့သော အရပ်ဒေသပြည်ဌာနတို့နှင့်။ သမ္မာ။ ဝေနေယျများ ထောက်ထားငဲ့ညှာ ကောင်းမွန်စွာ။ ဋ္ဌိတာ ဖူးမြင်သူအများ သဒ္ဓါပွားအောင် ကိန်းဝပ်စံပယ်တော်မူကြပါကုန်၏။ တာဓာတုယော၊ ထိုထိုဒေသရပ်ဌာနဝယ် တည်နေတော်မူကြကုန်သော ဓာတ်တော် မွေတော်တို့ကို အဟံ။ ဘုရားတပည့်တော်သည်။ ဝန္ဒာမိ၊ သဒ္ဓါရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏ဘုရား။


တနင်္ဂနွေထောင့်တွင် ဆီမီး(အလင်းတိုင်)၊ နံ့သာတိုင် ပူဇော်ပြီး စတင်ရှိခိုးပူဇော်ပါ။ အနည်းဆုံး ဂြိုဟ်သက်လိုက် တနင်္ဂနွေ (၆) ခေါက် ရွတ်ဆိုပါ။ ပါဠိသက်သက်ရွတ်ဆို၍ ရပါသည်။ အင်္ဂါထောင့်မှာ (၈) ခေါက်၊ စနေထောင့်မှာ (၁၀) ခေါက်၊ ရာဟုထောင့်မှာ (၁၂) ခေါက် ရွတ်ဆိုပူဇော်ပြီး ဆံတော်ကြိုတန်ဆောင်းရှိ ဗုဒ္ဓရပ်ပွားတော်မြတ်ကြီးရှေ့မှာ (၃၆) ခေါက် ရွတ်ဆိုပူဇော်ပြီး ဂါထာတော်အနက်တစ်ခေါက် ရွတ်ဆိုပူဇော်ပါ။

**မှတ်ချက်။** ။ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး သုံးဆူ ပူဇော်ထားသော တန်ဆောင်းမှာ ရှေးက ဆံတော်ကြိုတန်ဆောင်းဟု သတ်မှတ်ကြောင်း ပထမံဆရာကြီး ဦးအောင်သူမှ ရှင်းပြပါသည်။ ကြည့်ညိုဖွယ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး သုံးဆူလည်း တောင်ဘက်လှည့် (မြစ်ကမ်းဘက်သို့



လှည့်ကာ) သီတင်းသုံး စံပယ်တော်မူနေပါသည်။ ဤ နေရာသည် ဆံတော်ကြိုမဏ္ဍပ်တည်ဆောက်ခဲ့သော နေရာ ဟု ရှေးလူကြီးတွေ အစဉ်အဆက် ပြောကြား ခဲ့သည်ဟု ဆိုသည်။ မြစ်ရေပြင်သည် ယခင်က ဤ ထက်မက ကျယ်ပြန့်ပြီး ယခုမှ တဖြည်းဖြည်းကျဉ်း သွားသည်ဟု ဆို၏။

မည်သို့ပင်ဆိုစေကာမူ ရုပ်ပွားတော်မြတ်ကြီး သုံးဆူ တည် ရာဌာနမှာ အဓိဋ္ဌာန်ဝင်ခြင်း၊ ပုတီးစိပ်၊ ဂါထာရွတ်ဆို၊ ပရိတ်၊ ဓမ္မ စကြာ ပဋ္ဌာန်းရွတ်ဆို ရွတ်ဖတ်ပူဇော်ကာ မေတ္တာပို့ ဆုတောင်းသင့် ပါသည်။



အစ်မတော်မြနန်းနွယ် မွေးနေ့ပူဇော်ပွဲ ကျင်းပကြသူတွေ ထိုတန်ဆောင်းမှာ သီလယူ၊ ပရိတ်တရားနာ၊ ဆရာတော်တွေ မေတ္တာပို့၊ တရားဟော၊ အမှုအတန်းပေးခဲ့ကြပါသည်။



မသိသူကျော်သွား မဖြစ်ကြစေရန် ဝင်ရောက်ဖူးမြော် ပူဇော်ကြပါဟု တိုက်တွန်းအပ်ပါသည်။

မိမိကုသိုလ်ကောင်းမှု ပြုပြီးတိုင်း နတ်၊ လူ၊ သတ္တဝါအားလုံးကို မေတ္တာပို့ အမျှအတန်း ပေးဝေကာ ခေါင်းလောင်းတီး သာဓုခေါ်ဆိုရန် မမေ့ပါနှင့်။

မဇ္ဈိမ



**မိုလ်တထောင်စေတီတော်ရင်ပြင်တော်တစ်ခိုက်**
**ဘုရား၊ ရုပ်ပွား၊ ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်များ**

(၁) တနင်္လာထောင့်တည့်တည့်၊ မိုလ်တထောင်ဘိုးဘိုးကြီးထံ သွားရာ လမ်းအနီးတွင် နောင်တော်ကြီးစေတီတစ်ဆူ တည်ရှိသည်။ အဓိဋ္ဌာန်ဝင်ရှိခိုးပူဇော် ဆုတောင်းမှုပြုနိုင်ပါသည်။

(၂) နောင်တော်ကြီးစေတီ လက်ဝဲဘက်တွင် တံခွန်တိုင်၊ လက်ယာဘက်တွင် သိမ်နှင့်လင်းလွန်းပင်၊ နဂါးရုံဘုရားများ တည်ရှိ သည်။

(၃) လိပ်ကန်၊ ငါးကန်ကို ဖြတ်သွားပါက မိုလ်တထောင်ဘိုးဘိုးကြီးထံ ရောက်သည်။ (ဘိုးဘိုးကြီးအကြောင်း သီးသန့် ဖော်ပြပါမည်။)







ဘိုးဘိုးကြီးလက်ယာဘက်တွင် ဘိုးတော်သိကြားမင်း၊ လက်ဝဲဘက်တွင် သူရဿတီမယ်တော် ရှိသည်။

(၅) လိပ်ကန်အနီးတွင် ဆံတော်ကြိုတန်ဆောင်းနှင့် ရုပ်ပွားတော်မြတ်ကြီး သုံးဆူ။

(၆) မဟာဗောဓိပဋ္ဌာန်းစေတီတော်။

(၇) စနေထောင့်တည့်တည့်တွင် ရှင်ဥပဂုတ္တကျောင်းဆောင်။ ရှင်သီဝလိကျောင်းတော်ရာ၊ ဝိန္ဓာခတ်နန်းတို့ တည်ရှိသည်။

(၈) မြောက်ဘက်တွင် တရားဓမ္မကျင်းပရာ ဆိပ်ကမ်း ဓမ္မာရုံကြီး တည်ရှိသည်။

(၉) ဆိပ်ကမ်းဓမ္မာရုံ အနောက်ဘက်တွင် နဂါးရုံမြတ်စွာဘုရား



ကြည်ညိုဖွယ် ဖူးတွေ့ရပါသည်။ (ဖေဟိပသိကမဏ္ဍသာလ ဆောင်) အနီးတွင် တည်ရှိသည်။

(၁၀) စေတီတော် အရှေ့မြောက်ဘက်တွင် နန်းဦးဘုရားကြီး တန်ဆောင်း၊ တံခွန်တိုင်သမိုင်းကျောက်စာ၊ ရှေးဟောင်း ခေါင်းလောင်းကြီးတို့ကို တွေ့မြင်ရသည်။

(နန်းဦးဘုရား သီးသန့်ရေးသားဖော်ပြပေးပါမည်။)

(၁၁) စေတီတော်တောင်ဘက်တွင် ရင်ပြင်တော် ချဲ့ထားပြီး၊ ကြွေပြားများ ခင်းပေးထားပါသည်။ ရုပ်ရှင်မင်းသားကြီး ဦးကျော်ဟိန်း တည်ထားသော 'အသိသတိ' ကြွေးသွန်း ဘုရားကြီး ရှိသည်။ ထိုဘုရားကြီးရှေ့နားတွင် မဟာဗောဓိ မဏ္ဍပ်မြိုင်တည်ရှိသည်။ မဏ္ဍပ်မြိုင်ရှေ့တွင် ဓာတုရဉ္စနတ်မင်း၊



ဝိရူဠှကနတ်မင်း၊ ဝိရူပက္ခနတ်မင်း၊ ကုဝေရနတ်မင်းကြီး လေးပါး တည်ရှိသည်။

(၁၂) စေတီတော်ကြီး အနောက်တောင်ဘက်တွင် ဇမ္ဗူဥသျှောင် တိလောကမာန်အောင် မဟာမုနိဘုရားကြီး တည်ရှိသည်။

(၁၃) တနင်္ဂနွေထောင့်တည့်တည့်တွင် "စွယ်တော်ရှင်" ဆုတောင်းပြည့် မဂ္ဂင်ဓာတုစေတီတော် တည်ရှိသည်။

(၁၄) ၁၅-ခန်းတွဲတန်းဆောင်းအတွင်းမှ ရှေးဟောင်းဘုရားများ၊ ဓာတ်ဓာတ်ဘွဲ့ရရဟန္တာနှင့် ထေရီ၊ ဥပါသကာ၊ သကာမများ၊

(၁၅) ပဋ္ဌာန်းစေတီအနီး ဗောဓိညောင်ပင်နှင့် မြတ်ဗုဒ္ဓမုဒြာ (၃၆) မျိုး။

# နန်းဦးဘုရားကြီး
## တိလောကမာရဇိနမဟာမုနိဘိလိပ်ပြန်
## နန်းဦးရုပ်ပွားတော်မြတ်ကြီး
## (သမိုင်းအကျဉ်း)

ကုန်းဘောင်ခေတ် ပြည့်ရှင်မင်းများ တည်ထားကိုးကွယ်တော်မူခဲ့သော တိလောကမာရဇိန် မုနိနန်းဦးကြေးသွန်းရုပ်ပွားတော်မြတ်ကြီးသည် မြနန်းစံကျော် ရွှေနန်းဆောင်တွင် သီတင်းသုံးစံပယ်တော်မူခဲ့ပါသည်။

သာသနာ့ဒါယိကာ ပဉ္စမသံဂါယနာတင် ပြည့်ရှင်မင်းတရားကြီး မင်းတုန်းမင်းကြီးသည် ခရစ်နှစ် ၁၈၅၉ ခု၌ တိလောကမာရဇိန် မုနိနန်းဦး ကြေးသွန်းရုပ်ပွားတော်မြတ်ကြီးအား မန္တလေးရတနာပုံတွင် မင်းကြီးကိုယ်တိုင် စီမံသွန်းလောင်း ပြုလုပ်စေ၍ ကြည်ညိုသဒ္ဓါပွားများကာ မြနန်းစံကျော် ရွှေနန်းတော်ရှိ မှန်နန်းတော်ဦးတွင် တော်ဝင်မိသားစုများမှ ထာဝရတည်ထား ကိုးကွယ်ပူဇော်နိုင်ရန် နန်းတွင်းသို့ ပင့်ဆောင်၍ ရွှေပလ္လင်တော်ထက်တွင် သီတင်းသုံး စံပယ်တော်မူစေပါသည်။

ခရစ်နှစ် ၁၈၈၅ ခု အင်္ဂလိပ်စစ်တပ်များ မန္တလေးနေပြည်တော်သို့ ချီတက်ရောက်လာသည့်အခါ ရွှေနန်းတော်ကြီး၌ သီတင်းသုံးစံပယ်တော်မူနေသော တိလောကမာရဇိန်မုနိ နန်းဦးကြေးသွန်းရုပ်ပွား

တော်ကြီးအား လန်ဒန်မြို့တွင် တည်ရှိနေသော ဗစ်တိုးရီးယားနှင့် အဲဘတ်စ်ပြတိုက်သို့ ပင့်ဆောင်သွားခဲ့ပါသည်။ လန်ဒန်မြို့တော်တွင် (၆၆) နှစ်ခန့် သီတင်းသုံး စံပယ်တော်မူခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး နောက် မြနန်းရွှေကျောင်း ရွှေနန်းတော်ကြီးမှ ယူဆောင်သွားသော နန်းတွင်သုံးပစ္စည်းအားလုံးကို မြန်မာနိုင်ငံတော် အစိုးရမှ ပြန်လည် တောင်းဆိုခဲ့ရာ ခရစ်နှစ် ၁၉၅၀ ခုတွင် တိလောကမာရဇိန် မုနိ နန်းဦး ကြေးသွန်းရုပ်ပွားတော်ကြီး ဘိလပ်မြေ ဘူမိနက်သန် မှန်ကန် သည့် မြန်မာ့မြေပေါ်သို့ ပြန်လည်ကြွတော်မူလာခဲ့ပါသည်။

ထိုနန်းဦးဘုရားတွင် အဓိဋ္ဌာန်ဝင် ပုတီးစိပ် တရားထိုင်နေ သူများ အမြဲမပြတ် တွေ့မြင်ရပါသည်။ ဆရာတော်တစ်ပါးမှ ပြည်တော်ပြန် ဂါထာရွတ်ဆိုပူဇော်နိုင်သည်ဟု မိန့်ဆိုပါသည်။ (ဇလွန် ပြည်တော်ပြန် စမ္မခဏ်ဂါထာ)

## ပြည်တော်ပြန် စမ္မခဏ်ဂါထာတော်

ဏ္ဏတိပိ ပိဋကတ္တယံ၊ အနိစ္စံ ဒုက္ခံ အနတ္တံ။
သတ္တဗောဇ္ဈင်္ဂေါ၊ အဋ္ဌင်္ဂိကော၊ မဂ္ဂေါ၊ စတုပဋ္ဌာနံ၊
သမ္မသမ္ဗုဒ္ဓော၊ သဟာသသုရိယော၊
ဩောင်းနမောမေတ္တာနံ၊ ရာဇဘယံ၊ စောရဘယံ၊
ဥဒကဘယံ၊ အဂ္ဂိဘယံ၊ သတ္တဘယံ၊ သဗ္ဗဘယံ၊
ဇေယောဇယေတု မင်္ဂလံ အနိစ္စံ သခ်တံ ပဋိစ္စ သမုပ္ပန္နံ

ခယမ္မံ ဝယမ္မံ ဝိရာဂမ္မံ
နိရောဓမ္မံ ခမတိ။

ဘိလပ်ပြန်ဘုရားကြီးရှေ့မှာ ရွတ်ဖတ်ပူဇော်ပါ။ ဂါထာ တစ်ပုဒ်ဆုံး ပုတီးတစ်လုံး (၁၀၈) လုံး ပုတီးတစ်ပတ် စိပ်ပါ။

## ရွတ်ဖတ်ရခြင်းအကျိုးကျေးဇူး

အတွင်းရန်၊ အပြင်ရန်များကို ကင်းစင်ပပျောက်စေခြင်း၊ သူတစ်ပါးတို့ မကောင်းမကြံစည်နိုင်ခြင်း။ မိမိတောင့်တသောဆုကို ရရှိနိုင်ခြင်း၊ အိမ်သူအိမ်သားများနှင့် မကွဲမကွာနေရခြင်း၊ မိမိနေလို သောအရပ်ဒေသမှာသာ နေထိုင်ရခြင်း စသည့် အကျိုးများကို ခံစား ရရှိစေသည်။ (ဝန်ထမ်းများအပြောင်းအရွှေ့ကိစ္စ အထူးအဆင်ပြေစေ ပါသည်။) အစတွင် ဘုရားကြီးရှေ့တွင် အဓိဋ္ဌာန်စတင်ပြီး နောက်နေ့ အိမ်မှာ ဆက်ပုတီးစိပ်၊ တစ်လကြာသောအခါ အပြောင်းအရွှေ့ ရရှိ သွားပါတော့သည်။

## ဗိုလ်တထောင်စေတီတော်မြတ်ကြီး၏ထူးခြားမှု

- ဂေါတမမြတ်စွာဘုရား၏ ဆံတော်ကို ပထမဆုံး စတင် တည်ခွင့်ရသော စေတီတော်မြတ်ဖြစ်ခြင်း (ဆံတော်ဦးစေတီ)
- ဆံတော်သုံးဆူဌာပနာ တည်ရှိနေခြင်း၊
- သီဟဒီပမင်းကြီးသည် ၄င်း၏ဆံတော်ဓာတ်တော်များကို

ရဟန္တာရှစ်ပါးနှင့် တိုင်ပင်ပြီး တည်သော စေတီ (၁၁) ဆူတွင် ပါဝင်နေခြင်း၊

- ထူးခြားသောပုဂ္ဂိုလ်၊ ဝိဇ္ဇာ၊ နဂါးမယ်တော်၊ သိုက်နန်းရှင်တို့ ဝေလီဝေလင်း၊ ညလူခြေတိတ်ချိန်တွင် လာရောက် ဖူးမြော်ကြခြင်း၊
- ရှေးယခင်က ရန်ကုန်မြစ်တစ်ဖက်ကမ်းမှ ပုဂ္ဂိုလ်တစ်ဦး သင်္ဘောကျင်းလုပ်ငန်းအနီး မြေအောက်သို့ ဆင်းသွားပြီး ပျောက်ပျောက်သွားရာ ဗိုလ်တထောင်စေတီသို့ ရေအောက်မှ သွားရောက်ခဲ့သည်ဟု သိရှိရခြင်း၊
- ဗိုလ်တထောင်ဘိုးဘိုးကြီးအနီး ငါး၊ လိပ်ကန်နေရာသည် ရေအောက် ရန်ကုန်မြစ်၏နှင့် ဆက်နွယ်မှုရှိသည်ဟု ယုံကြည်ကြခြင်း၊
- ညဘက်တွင် အစ်မတော်မြနန်းနွယ်ကဲ့သို့ သိုက်နန်းရှင်အချို့ လာရောက်လေ့ရှိခြင်း၊
- ရှင်ဉပဂုတ္တရဟန္တာပုဂ္ဂိုလ်၊ နဂါးမယ်တော်တို့ ကြွရောက်ဘုရားဖူးတာ ရှေးလူကြီးအချို့ မြင်လိုက်ရခြင်း၊
- ဗိုလ်တထောင်ဘိုးဘိုးကြီး တောင်ဝှေးကိုင် လမ်းလျှောက်ပြ၊ ညွှန်ပြခြင်း။

၁၉၉၀ ခုနှစ်အတွင်း ဗိုလ်တထောင်ဘိုးဘိုးကြီး ကိုယ်တိုင် ဝတ်ဖြူစင်ကြယ်ဝတ်လျက် တနင်္ဂနွေထောင့်ရှိ စွယ်တော်ရှင် ဆုတောင်းပြည့်စေတီ တည်ရမည့်နေရာကို တောင်ဝှေးကြီးဖြင့်

ထောက်ပြခဲ့သည်။

၃၁ ဘုံကောင်းကျိုးအတွက် စွယ်တော်မြတ်ဆုတောင်းပြည့် မဂ္ဂဓာတုစေတီကို ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်၏ တနင်္ဂနွေထောင့်တွင် ဓမ္မဝိဇ္ဇာ မေတ္တာရှင် ဦးအောင်ဆု ကိုယ်တိုင် ကြီးကြပ်ဦးဆောင်၍ တည်ထားကိုးကွယ်ခဲ့ပါသည်။

စေတီတည်ရန် မြေကြီးတူးရာတွင် လက်သီးဆုပ်ခန့် ဖားကြီးများ၊ မြွေကြီးများ တွေ့ခဲ့ရခြင်း၊ မည်သူ့ကိုမှ ရန်မလုပ်ဘဲ လွတ်ရာ ကျွတ်ရာသို့ ပြောင်းရွှေ့သွားကြခြင်း။ ဌာပနာပိတ်သောနေ့တွင် ဂေါပကအဖွဲ့ဝင်တစ်ဦး အားများသော ဓာတ်ကြိုးကို လှမ်းဆွဲကိုင်မိသော်လည်း ဓာတ်မလိုက်ခဲ့ခြင်း။

ထူးခြားသော စွယ်တော်မှာ ပူဇော်ထားသော စွယ်တော်မြတ်ဆုတောင်းပြည့် စေတီတော်တစ်ဆူ ဖြစ်ပါသည်။

ထို့ကြောင့် တနင်္ဂနွေထောင့်မှာ လွန်ခဲ့သော နှစ်ပေါင်း (၅၃) နှစ်ခန့်က တည်ထားသော စွယ်တော်မြတ်စေတီကိုလည်း ဝင်ရောက် ဖူးမြော်သင့်ပါသည်။

စွယ်တော်ရှင် ဆုတောင်းပြည့် မဂ္ဂင်ဓာတုစေတီအတွင်း၌ တည်ရှိသော စွယ်တော်ရှင် ဆုတောင်းပြည့်မဂ္ဂင် ဓာတုစေတီအတွင်း၌ ကိန်းဝပ်စံပယ်တော်မူနေသော ဗုဒ္ဓသရီရမြတ်စွယ်တော် ရတနာသည် သီဟိုဠ်ကျွန်း (သီရိလင်္ကာ) ကန္ဒီမြို့ရှိ မြတ်ဗုဒ္ဓ၏လက်ဝဲအောက်စွယ်တော်မှ ပွားထားခြင်း ဖြစ်ပါသည်။

စာရေးသူပင် ဗိုလ်တထောင်ရောက်လျှင် ကပ်ကျော်သွား

တတ်ပါသည်။ သို့ပါ၍ စာဖတ်ပရိသတ်များ ဗိုလ်တထောင်ဘုရား ရောက် ဘုရားဖူးပြီး နောက်ဆုံးတွင် နန်းဦးဘုရား၊ စွယ်တော်မြတ် စေတီတို့ကိုလည်း ဝင်ရောက်ဖူးမြော်သင့်ပါသည်။ နဂါးဆက်၊ သိုက်ဆက်အနွယ်များ၊ (၇) နေ့သားသမီး အလှူရှင်များ စုပေါင်း တည်ထောင်ထားသော စေတီဖြစ်ပါသည်။ ဓာတ်မှား၊ ဓာတ်ပျက်နေသူများ ဓာတ်မှန်သော ဗိုလ်တထောင်မှာ အဓိဋ္ဌာန်ဝင် ကောင်းမှုပြု ဆုတောင်းမှု ပြုကြပါ။

## ဗိုလ်တထောင်ဘိုးဘိုးကြီး

လွန်ခဲ့သော (၂) နှစ်ခန့်က မဇ္ဈိမစာပေမှ စာရေးသူ ရေးသားပြုစုသော "ထင်ပေါ်ကျော်ကြား ဆုတောင်းပြည့်ဘိုးဘိုးကြီးများ" စာအုပ် ထုတ်ဝေဖြန့်ချိခဲ့ပါသည်။ ထိုစာအုပ်တွင် ဗိုလ်တထောင် ဘိုးဘိုးကြီး(ခေါ်) ရောဟဏီဘိုးဘိုးကြီး၏ အတိတ်သမိုင်းနှင့် ထင်ရှားလာရသည့် အကြောင်းရင်းကို ရေးသားဖော်ပြပေးခဲ့ပါသည်။

ထို့ကြောင့် ယခု ဘိုးဘိုးကြီးသမိုင်းအကြောင်း အဓိက မရေးပြတော့ဘဲ ဘိုးဘိုးကြီးထံ ချဉ်းကပ်၍ အလှူဒါနပြုကြသူများ၊ အကျိုးကျေးဇူးများ၊ ထူးခြားမှုများကိုသာ အလေးထား ရေးသား ဖော်ပြပေးသွားမည် ဖြစ်ပါသည်။



## ဗိုလ်တထောင်ဘိုးဘိုးထံသို့ လာရောက်ဆုတောင်း၊ ဆုယူပြုနေကြသူများ

လွန်ခဲ့သော လေးငါးနှစ်ခန့်က အယ်ဒီတာတစ်ဦးမှ စာရေးသူအား အကူအညီတောင်းလာသည်။ သူတို့တိုက်မှ အသစ်ထုတ်ဝေမည့် သတင်းဂျာနယ် စာပေစိစစ်ရေး၌ဒါနသို့ တင်ထားရာ လေးငါးခြောက်လ ကြာသည်အထိ ထုတ်ဝေခွင့် မကျသေးကြောင်း၊ ရုံးကိစ္စလည်း အပြည့်အစုံလုပ်ထား၊ ပေးကမ်းထားပြီး ဖြစ်ကြောင်းထို့ကြောင့် ဗိုလ်တထောင်ဘိုးဘိုးကြီးမှာ ပွဲလှူ ဆုတောင်းပေးရန်အကူအညီတောင်းလာသည်။ သူ၏ဂျာနယ်တိုက်မှာ ဘိုကလေးဈေးအနီး ( ) လမ်းတွင် တည်ရှိသည်။ စာရေးသူလည်း အယ်ဒီတာနှင့် ချိန်းပြီး ဗိုလ်တထောင်ဘိုးဘိုးကြီးမှာ ပွဲအပ်လှူကာ တတ်သလောက်၊ မှတ်သလောက် ဆုတောင်းမှု ပြုပေးလိုက်ပါသည်။

ထိုသို့ ပွဲလှူပြီး တစ်ပတ်၊ ဆယ်ရက်ခန့်အကြာတွင် သူတို့တင်ထားသော ဂျာနယ်ထုတ်ဝေခွင့် ရပြီး အပတ်စဉ် ယနေ့တိုင်ထုတ်ဝေနေရပါတော့သည်။

ယခုနောက်ပိုင်းတွင် ထိုင်းနိုင်ငံသားများ အများအပြားလာရောက်ကြတာ တွေ့မြင်ရပါသည်။ ဘိုးဘိုးကြီးပုံသဏ္ဌာန်မှာညာဘက်လက်ညှိုးတော်က လက်ညှိုးထိုးထားပြီး ဘယ်ဘက်ကတောင်ဝှေးကိုင်ထားပါသည်။ ယခုအခါ ညာဘက်လက်ညှိုးတော်ကိုရွှေအစစ်ပြုလုပ်လှူထားပြီး ဘယ်ဘက်လက်ဖမိုးမှာလည်း ရွှေအစစ်ပြုလုပ်လှူထားပါသည်။ ရွှေတစ်ဖက် ငါးကျပ်သားခန့် ရှိသည်ဟု

သိရသည်။ ကုမ္ပဏီပိုင်ရှင်တွေ လာရောက်လှူခြင်းဖြစ်သည်။ ထိုင်းနိုင်ငံမှ အထူးယုံကြည်ကိုးကွယ် ပူဇော်ကြသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ထင်ရှားသော ဘိုးဘိုးကြီးများစွာအနက် ဗိုလ်တထောင်ဘိုးဘိုးကြီးမှာ ရွှေလက်တော်ရှိနေ၍ အထူးခြားဆုံးဟု ဆိုရပေမည်။

ဂေါပကလူကြီးတစ်ဦးမှ ပြောပြရာတွင် "ဒီမှာ ထိုင်းနိုင်ငံက အများဆုံးလာရောက်ကြတယ်။ ဆံတော်ပူဇော်ပြီး နန်းဦးဘုရားကြီး သွားရောက်ပူဇော်တယ်။ နန်းဦးဘုရားကြီးကအပြန် ဘိုးဘိုးကြီးထံ ဝင်ရောက်ဆုတောင်းကြတယ်။ ကားအစီးလိုက်လူများရင်တော့ နန်းဦးဘုရားတစ်ဖွဲ့၊ ဘိုးဘိုးကြီးကို တစ်ဖွဲ့ ခွဲလာကြပါတယ်" ဟု ပြောပြပါသည်။

"သူတို့က ကန်တော့ပွဲကို ရွှေငှက်ပျောဖီးပွဲကြီးတွေနဲ့ လှူကြတယ်။ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း အဆင်ပြေသလို လှူကြတာပါ။ အဓိကတော့ သူတို့ငွေဖြစ်စေ၊ မြန်မာငွေဖြစ်စေ ငွေစက္ကူနှစ်ရွက်ကို ဘိုးဘိုးကြီးထံ ကပ်လှူတယ်။ သူတို့က သူတို့ငွေကို စုံပိုင်လို့ ပြောပြီး နှစ်ရွက် ဘိုးဘိုးကြီးလက်တော်ထဲကို ထည့်လှူပြီး တစ်ရွက်ကို ဘိုးဘိုးကြီးထံ လှူထားပြီး တစ်ရွက်ကို Lucky Money အဖြစ် ယူသွားကြတယ်။ ကျွန်တော်တို့ကလည်း သပြေညွန့်ကို စွန့်ပြီး Lucky Flower ဆိုပြီး ပြန်ပေးတယ်။ သူတို့ ယုံယုံကြည်ကြည် ယူသွားကြတယ်။

"သူတို့က ဘာကိစ္စတွေ ဆုတောင်းကြသလဲဆိုတော့ စီးပွားရေး၊ လူမှုရေးကိစ္စ ဆုတောင်းတာ များပါတယ်။ သူတို့ကလည်း

ဘိုးဘိုးကြီးထံ ဆုတောင်း အဓိဋ္ဌာန်ရင် အောင်မြင်တာ၊ ဆုတောင်းပြည့်တာ များတယ်။ ထိုင်းနိုင်ငံသားတွေ မြန်မာပြည်ရောက်ရင် ဘိုးဘိုးကြီးဆီသို့ မဝင်ဘဲ ပြန်တယ်ဆိုတာ မရှိဘူး။ မြန်မာတွေထက် ပိုပြီး ယုံကြည်ကြတယ်။

ဒီမှာ ဆုတောင်းအဓိဋ္ဌာန်ပြီး ထိုင်းနိုင်ငံပြန်သွားကြတယ်။ ဟိုမှာ အလုပ်အဆင်ပြေရင် တစ်ခေါက်ပြန်လာပြီး ကောင်းမှုပြုကြတယ်။ ဘုရားမှာ ထိုင်းကယူလာတဲ့ မီးလုံး၊ မီးဆိုင်း၊ ဆလိုက်မီးတွေ လှူတယ်။ အခုတွေ့နေရတဲ့ မီးဆိုင်းတွဲကြီးတွေ သူတို့ ယူလာပြီး လှူထားတာပါ။ ရွှေသင်္ကန်းအတွက် ငွေလှူတယ်။

"တစ်ခါက ထိုင်းနိုင်ငံသားတစ်ယောက် ဘိုးဘိုးကြီးထံမှာ အဓိဋ္ဌာန်ပြီး ထိုင်းပြန်သွားတယ်။ ဟိုရောက်တော့ သူ့အလုပ် အဆင်ပြေသွားတယ်။ အလုပ်မအားလို့ လေးငါးခေါက်လ ပြန်မလာဖြစ်ဘူး။ အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်နဲ့ အဘိုးကြီး တောင်ဝှေးကိုင်ပြီး ရပ်ပြတော့မှ သတိရပြီး ပြန်လာလှူတယ်။

"ရွှေငှက်ပျောသီးနဲ့ ပွဲ (၅၀) တစ်ယောက်တည်း လှူတာ။ တစ်ဦးကတော့ ငွေကျပ် ၃၂ သိန်းတောင် လှူတယ်။ ကန်တော့ပွဲ (၁၀) ပွဲ၊ ပွဲ (၂၀)၊ (၃၅) ပွဲ တစ်ယောက်တည်း လှူကြတယ်။ စက္ကူဘူးနဲ့ ပန်းဆွဲမီးအလှတွေ ယူလာလှူတယ်။ ပိုးစိုးပက်စက် လှူကြတာပါ ဆရာ"

"အဲဒီအကြောင်း ဘာသာပြန်ကတစ်ဆင့် သူကိုယ်တိုင် ပြောပြတာပါ"

ဘိုးဘိုးနန်းဆောင်အနီးတွင် ထိုင်းနိုင်ငံမှ ထုတ်သော သတင်းစာ၊ စာစောင်တွေ ပလပ်စတစ်လောင်း ချိတ်ဆွဲထားတာ တွေ့မြင်ရသည်။ သူတို့နိုင်ငံရောက်ပြီး မြန်မာပြည်မှ ဗိုလ်တထောင် ဘိုးဘိုးကြီး ဆုတောင်းနေပုံ၊ ဆုတောင်းပြည့်ပုံကို ပြန်လည်ရေးသား ဖော်ပြထားတာ ဖြစ်ပါတယ်။

ယနေ့ တွေ့မြင်ရသော အခြေအနေ(စာရေးသူကိုယ်တိုင် မှတ်တမ်းခတ်ပုံ၊ အင်တာဗျူး လုပ်နေချိန်) တွင် ထိုင်းနိုင်ငံသားများ လူကြီး၊ လူငယ် အရွယ်မျိုးစုံ၊ ပြည်တွင်း/ပြည်ပ ဘုရားဖူးများ၊ ယုံကြည်အားထားကြသူများ၊ ဘာသာခြားများပင် လာရောက် ဆုတောင်းနေတာတွေ မြင်နေပါသည်။ သူတို့သည် ဘိုးဘိုးကြီး လက်ညှိုးကို သူတို့နဖူးနှင့် ဦးတိုက်ထိကာ တောင်ဝှေးကိုင်ထား သော လက်ကိုကိုင်ကာ ဆုတောင်းနေတာ တွေ့မြင်ရပါသည်။

"ပြည်တွင်းက လူတွေကလည်း အကြောင်းအမျိုးမျိုးနဲ့ လာရောက်ကြပါတယ်။ စီးပွားရေး၊ လူမှုရေး၊ ရာထူးကိစ္စ၊ ကျန်းမာ ရေး၊ အိမ်ထောင်ရေး၊ လုပ်ငန်းကိစ္စအစုံပါပဲ"

"အထူးသဖြင့် တွေ့ရတာကတော့ ရေလုပ်ငန်းလုပ်ကိုင်သူ၊ သင်္ဘောသား၊ ရေကြောင်းပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်း စသည့် လုပ်ငန်းသမားတွေ အများအပြား လာကြပါတယ်။ ဘိုးဘိုးကြီးကတော့ ကုန်း၊ ရေ၊ လေ အကုန်ပိုင်ပါတယ်။ စာမေးပွဲဖြေချိန်ကျတော့လည်း ကျောင်းသူကျောင်းသားတွေ၊ မိဘတွေ ပညာရေးအတွက် လာရောက် ဆုတောင်းကြတယ်။ ကောင်မလေးတစ်ယောက် ပြောပြတာက

သူက ထိုင်းမှာ အလုပ်သွားလုပ်တာ သုံးနှစ်ရှိပြီ။ ထိုင်းနိုင်ငံရောက်မှ ဗိုလ်တထောင်ဘိုးဘိုးကြီးအကြောင်း ပြောဆိုသံတွေကြားရတယ်။ ရန်ကုန်မှာနေတုန်းကတော့ ဘုရားဖူးပြီး ပြန်တာ၊ ဘိုးဘိုးကြီးထဲ မဝင်ဖြစ်ဘူး။ ထိုင်းက ပြန်လာမှပဲ ရောက်တော့တယ် ဟု ပြောဆိုသွားပါသည်။

ယခုအခါ ကန်တော့ပွဲထိုးလှူကြသူတွေ များပြားလာကြပါသည်။ အုန်းသီး၊ ငှက်ပျောသီးရောင်းသူတွေ ဈေးတင်ရောင်းတာ၊ ပါးစပ်ထဲရှိတာ ပြောရောင်း၊ ပွဲစားလုပ်တာ မဖြစ်ရအောင် ဂေါပကမှ ဈေးနှုန်းသတ်မှတ် ချိတ်ဆွဲပေးထားပါသည်။

## ကန်တော့ပွဲဈေးနှုန်းများ

| | |
|---|---|
| ရခိုင်ငှက်ပျော(၃)ဖီးတစ်ပွဲ(ရိုးရိုး) | ၃၀၀၀ ကျပ် |
| ရှယ်ငှက်ပျောသီးပွဲ(ရခိုင်၊သီးမွှေး၊ဖီးကြမ်း) | ၅၀၀၀ ကျပ် |
| ရွှေငှက်ပျောသီး(၃)ဖီးပွဲ | ၈၀၀၀ ကျပ် |
| ရခိုင်ငှက်ပျောသီးရိုးရိုး(၅)ဖီးပွဲ | ၅၀၀၀ ကျပ် |
| ရွှေကလပ်နှင့်ရွှေငှက်ပျောပွဲကြီး | ၁၀၀၀၀ ကျပ် |
| ရခိုင်ရှယ်(၅)ဖီးပွဲ | ၇၀၀၀ ကျပ် |
| ရွှေငှက်ပျောသီး ရွှေကလပ်နှင့်ရှယ် | ၁၂၀၀၀ ကျပ် |
| ပဝါအသေးအန် ၁ ပေ၊ အလျား ၃ ပေ | ၁၀၀၀ ကျပ် |

ဤဈေးနှုန်းမှာ ၂၀၁၇ မတ်လတွင် တွေ့မြင်ရသော ဈေးနှုန်းဖြစ်ပါသည်။

မင်္ဂလာ

ကန်တော့ပွဲမှာလျှင် ဘိုးဘိုးကြီးရှေ့ လာရောက်ပို့ပေးပြီး တာဝန်ကျ(အလှည့်ကျ) ဂေါပကအဖွဲ့ဝင်တစ်ဦး၊ အကျိုးဆောင်တစ်ဦး တစ်ဦးဦးမှ မေတ္တာစေတနာဖြင့် ပြောဆိုဆုတောင်းပေးကြပါသည်။

အကယ်၍ မိမိကိုယ်တိုင် ငှက်ပျောသီး၊ အုန်းသီးကို ဝယ်ပြီး ပွဲပြင်၍လည်း လှူဒါန်းနိုင်ပါသည်။ (မှတ်ချက်) စာရေးသူ ၂၀၁၇ စက်တင်ဘာလ ဗိုလ်တထောင်ဘုရား ရောက်သောအခါ ဘိုးဘိုးကြီးနန်း အဝင်တံတား လက်ဝဲဘက် သိမ်နားတွင် အုန်းသီး ငှက်ပျောသီးဆိုင်ဖွင့် ရောင်းချလျက်ရှိသည်။ ယခင်အပြင်မှ အတွင်းသို့ သယ်ယူရာ အလှမ်းဝေးနေသောကြောင့်ဟု သိရသည်။ ဆိုင်ကိုတော့ အလှည့်ကျရောင်းခွင့်ပြုသည်ဟု ဆိုပါသည်။

## ဘိုးဘိုးကြီးကန်တော့ပွဲပြင်ဆင်နည်း

(၁) အုန်းသီးစိမ်း ကြွက်မြီးကောင်းကောင်းတစ်လုံး

(၂) ငှက်ပျောသီး သုံးဖီး (သို့မဟုတ်) ငါးဖီး
သာသနာကို ရည်စူး၍ ငါးဖီးလှူတာ ပိုကောင်း၊
မည်သည့်ငှက်ပျောသီးမဆို အသုံးပြုနိုင်သည်။

(၃) ကွမ်းယာ၊ ဆေးခေါက်၊ လက်ဖက်

(၄) ဖယောင်းတိုင်၊ အမွှေးတိုင်တစ်ထုပ်စီ

(၅) အောင်သပြေညွန့်

(၆) အချို့ ထီး၊ တံခွန်၊ ကုက္ကားထည့်ကြသည်။
ထည့်လည်း ရ၊ မထည့်လည်း ရသည်။

(၇) ပဝါလည်း စိတ်ဆန္ဒရှိပါက လှူနိုင်ပါသည်။

အဓိကကတော့ စိတ်စေတနာ အရေးကြီးသည်။ လှူပြီး စိတ်ပြတ်ရမည်။ ကန်တော့ပွဲကတော့ လှူပြီးထားခဲ့ရပါမည်။ (ဟိန္ဒူ ဘုရားကျောင်းတွေကတော့ အုန်းသီးခွဲပြီး ငှက်ပျောသီးပါ အိတ်ဖြင့် ထည့်ပြန်ပေးလေ့ရှိပါသည်။)

မည်သို့ပင်ဆိုစေကာမူ သာသနာစောင့် ဘိုးဘိုးကြီးတစ်ပါး ဖြစ်၍ သာသနာတော်ကို ဦးထိပ်ထားကာ ဘိုးဘိုးကြီးထံ အပ်နှံ လှူဒါန်းသင့်ပါသည်။ အချို့ကြွက်မြီးကို ဘုရားဘက်လှည့်လှူကြ သည်။

## ဘိုးဘိုးကြီးထံ ကန်တော့ပွဲလှူဆုတောင်းနည်း

"ဆုတောင်းပြည့် ဗိုလ်တထောင် ဘိုးဘိုးကြီးဘုရား ( ) နေ့သားနှင့် ( ) နေ့သမီး မိသားစုမှ (သို့မဟုတ်) သားတော် ( ) နေ့သား ( ) မည်သူမည်ဝါမှ သမီးတော် ( ) မှ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ် ကြီးအား ဦးထိပ်ထား မှခော်၍ ဗိုလ်တထောင်ဘိုးဘိုးကြီးအား အုန်း၊ ငှက်ပျော၊ ကွမ်း၊ ဆေး၊ လက်ဖက်၊ အောင်သပြေပန်း၊ ဖယောင်းတိုင်၊ အမွှေးတိုင် (မိမိလှူထားသောပစ္စည်း) ထည့်ပြောပြီး စသည်တို့ကို ဗိုလ်တထောင်ဘိုးဘိုးကြီး (ခေါ်) ရောဟဏီဘိုးဘိုးကြီးအား စေတနာ သဒ္ဓါထက်သန် ကြည်ညိုလေးစားစွာဖြင့် ပေးအပ်လှူဒါန်း ပါတယ် ဘိုးဘိုးကြီးဘုရား။ ဘိုးဘိုးကြီး လိုအပ်သလို ဆောင်ရွက်

နိုင်ပါစေရန် လှူဒါန်းပေးပါတယ်။ ယနေ့ယခု လှူဒါန်းရသော ( ) နေ့ သားသမီး မိသားစုတို့သည် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် စီးပွားရေး၊ လူမှုရေး၊ အလုပ်အကိုင်၊ အိမ်ထောင်ရေး၊ ကျန်းမာရေးကအစ အဆင်ပြေစွာ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် ဘိုးဘိုးကြီးမှ ကူညီမစပေးပါ။ ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးတော်မူပါ ဘိုးဘိုးကြီးဘုရား။

ဘိုးဘိုးကြီးအား ယုံကြည်လေးစားသောအားဖြင့် ကန်တော့ပွဲ၊ အလှူငွေ၊ ပဝါ၊ ပုတီး၊ ပုဆိုး စသည်တို့ လှူဒါန်းကြပါသော ( ) သားသမီးမိသားစုတို့သည် ဘိုးဘိုးကြီးမေတ္တာကို ခံယူ၍ လှူဒါန်းကြပါသောကြောင့် သားသမီးမြေးကဲ့သို့ သဘောထားကာ လုပ်ငန်းစီးပွား၊ အရောင်းအဝယ်၊ ပညာရေး၊ လူမှုရေး စသည့် ကိစ္စ အဝဝ အဆင်ပြေချောမွေ့စေရန် ကူညီစောင့်ရှောက်တော်မူပါ။ (အကြောင်းကိစ္စ) ရှိပါက မည်သို့သောအကြောင်းရှိပါ၍ ဟု ထည့်ပြောရပါမည်။

( ) မိသားစုတို့သည် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာ၍ ဘေးဥပါဒ်အန္တရာယ် မကျရောက်စေရန် ၉၆ ဖြာ အနာရောဂါ ကိုယ်မှာမကပ် ကျန်းမာရေးကောင်းပြီး သွားလမ်းသာ လာလမ်းဖြောင့်ပြီး ဗုဒ္ဓသာသနာတော်မြတ်ကြီးကို ဝိုင်းဝန်းကူညီစောင့်ရှောက်နိုင်ကြစေရန် ဘိုးဘိုးကြီးမှ ဝိုင်းဝန်းကူညီ စောင့်ရှောက်ပေးတော်မူပါ။ မ,စတော်မူပါ။ ဆုတောင်းများ အမြန်ပြည့်ဝစေရန် ဘိုးဘိုးကြီး ကူညီစောင့်ရှောက်တော်မူပါ။

■ မင်္ဂလာ ■

ဗိုလ်တထောင်ဘိုးဘိုးကြီးနှင့် ဗိုလ်တထောင်စေတီတစ်ဝိုက်တွင် ရှိကြကုန်သော သာသနာစောင့် နတ်မင်းကြီးများ၊ ဘိုးတော်၊ မယ်တော်များ၊ မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်များ၊ ဆွေတော်မျိုးတော်များ ကျန်းမာချမ်းသာပါစေ။ နှလုံးစိတ်ဝမ်း အေးချမ်းသာယာကြပါစေ။

ကျွန်ုပ်တို့ ယနေ့ယခု ပြုလုပ်ရသော ကုသိုလ်ကောင်းမှု အဖို့ဘာဂကို (၃၁) ဘုံ၌ ကျင်လည်ကြကုန်သော ဝေနေယျ၊ သုခိတ၊ ဒုက္ခိတသတ္တဝါအပေါင်းတို့အား အမျှအတန်းပေးဝေပါကုန်၏။ အားလုံး ကြားကြားသမျှ …

အမျှ … အမျှ … အမျှ … ယူတော်မူကြပါကုန်လော့။ (၃)ကြိမ်ဆို အမျှဝေ။ သာဓု (၃)ကြိမ်ခေါ်ဆိုပါ။

အချို့က လောလောဆယ် အဆင်မပြေသေး၍ ပွဲမလှူနိုင်သေးတာလည်း ရှိနိုင်ပါသည်။ ပွဲမလှူနိုင်သေးပါကလည်း ဘိုးဘိုးကြီး ကျန်းမာချမ်းသာပါစေ၊ သက်တော်ရာကျော် ရှည်ပါစေ၊ သာသနာပြုလုပ်ငန်းများ၊ ကျန်းမာချမ်းသာစွာ ဆောင်ရွက်နိုင်ပါစေ စသည်ဖြင့် လေးလေးနက်နက် အာရုံပြုကာ မေတ္တာပို့ပါ။ ပြီးလျှင် (    ) ဤမည်သောကိစ္စ အောင်မြင်ပါက သားတော် (    )၊ သမီးတော် (    ) နေ့နံအမည်၊ လိပ်စာ တိတိကျကျ ပြောဆိုပြီး ဘိုးဘိုးကြီးကန်တော့ပွဲ လာရောက်လှူပါမယ်။ ဗိုလ်တထောင်စေတီတော်မြတ်ကြီးအတွက် ဆီမီး (ညလုံးပေါက်လျှပ်စစ်မီး)၊ ရွှေသင်္ကန်း စသည်ဖြင့် တစ်ခုခုအဓိဋ္ဌာန်ပြုကာ ကတိပေးခဲ့ပါ။

မိမိဘက်က ကိစ္စ တစ်လအတွင်း၊ ၄၅ ရက်အတွင်း၊ သုံးလ

အတွင်း စသည်ဖြင့် အဆင်ပြေသွားပါက ကတိအတိုင်း လှူဖို့ မမေ့ ပါနှင့်။ ကတိသစ္စာ အရေးကြီးပါသည်။ ပွဲလှူမှု မဟုတ်။ ဘိုးဘိုး ကြီးအမည်နှင့် ရွှေသင်္ကန်းကပ်လှူ၊ လျှပ်စစ်မီးပူဇော်၊ ရေအတွက် လှူ စသည်ဖြင့် သာသနာအတွက်လည်း လှူဒါန်းနိုင်ပါသည်။

ဘိုးဘိုးကြီးလက်ထဲတွင် မြန်မာငွေ ၁၀၀ဝိ/ကျပ်တန် နှစ်ရွက်လှူပြီး တစ်ရွက်ကို Lucky Money (ကံကောင်းစေသော ပိုက်ဆံ) အဆောင်အဖြစ် ဘိုးဘိုးကြီးမှ ပြန်စွန့်ပေးပါရန် ပြောဆိုခွင့် တောင်းပြီး စွန့်ယူရပါမည်။ ထိုငွေကို ပလတ်စတစ်လောင်းပြီး အမွှေးနံ့သာ စွတ်ဖြန်းကာ ပိုက်ဆံအိတ်ထဲထား ဆောင်ကြသည်။ ဈေးဆိုင်တွေမှာ ထားကြသည်။

မိတ်ဆွေတစ်ဦးမှ ထိုသို့ပြုလုပ်ပြီး ငွေစက္ကူတစ်ရွက်ကို ပိုက်ဆံအိတ်ထဲ ထည့်ထားတာ ငွေပြတ်တယ်လို့ မရှိပါဘူး ဆရာ ဟု ပြောဆိုဖူးပါသည်။ ဤနည်းကို ထိုင်းတွေလုပ်တာမြင်ပြီး လုပ် တာပါ ဟူ၍လည်း ပြောသေးသည်။

ဘိုးတော်၊ မယ်တော်၊ နတ်ဒေဝါဆိုသည်မှာ ယုံကြည်မှုနှင့် ဆိုင်သည်။ အများအားဖြင့် လောကီရေးရာအတွက် အားထားကြပါ သည်။ ဗိုလ်တထောင်သည် (၅ + ၇)၊ ဘိုးဘိုးကြီးသည် (၅ + ၂) ဖြစ်သည်။

ထို့ကြောင့် (၇ + ၅) တဘက်(ပဝါ)၊ နံ့သာဖြူ၊ ထောပတ် သီး၊ ထောပတ်ငှက်ပျောသီး၊ ထီးဖြူ၊ တမာညွန့်၊ ထမနဲ စသည်တို့ နှင့် (၂ + ၅) ငှက်ပျောသီး၊ ဂန္ဓမာပန်း၊ ကော်ဖီ၊ ကိတ်မုန့် စသည်

တို့ လှူပါက ကက်ကင်းဓာတ်မိပြီး ကောင်ကျိုးလျင်မြန်စွာ ရရှိစေပါသည်။

အခု တစ်နှစ်၊ နှစ်နှစ်အတွင်းမှာ ဗိုလ်တထောင်ဈေးရုံမှာ ဘိုးဘိုးကြီးရုပ်ထုပုံ အရွယ်အမျိုးမျိုး၊ လည်ဆွဲများ၊ အဆောင်ရုပ်တုများ ပြုလုပ်ရောင်းချလာတာ တွေ့မြင်ရပါသည်။ အမှတ်တရ လက်ဆောင်အဖြစ် ထိုင်းနိုင်ငံသားတွေ ဝယ်သွားကြပါသည်။

သစ်မွှေးဖြင့် ပြုလုပ်ထားသော ဘိုးဘိုးကြီးရုပ်တု တစ်လက်မ ၄၀၀၀ ကျပ်နှုန်းလောက်ရှိသည်။ ၁၀ လက်မခန့်ကို လေးသောင်းဟု ဆို၏။ ရုပ်တုဖြစ်စေ၊ ဓာတ်ပုံဖြစ်စေ မိမိနေအိမ်မှာ ထားပြီး ဖယောင်းတိုင်၊ သစ်သီး လှူဒါန်းကာ မေတ္တာပို့ ဆုတောင်းမှု ပြုနိုင်ပါသည်။

ဘုရားအနီး ဓာတ်နန်းကတော့ ပို၍အသက်ဝင်သည်ဟု ယူဆမိပါသည်။ ဘိုးဘိုးကြီး၏ လက်ညှိုးသည် သိဂ်ုတ္တရကုန်းတော်ကို ညွှန်ပြနေသည်ဟု ဆိုသည်။ ဘုရားဆံတော်ဌာပနာပြီး ရွှေတိဂုံစေတီတည်ရန်အတွက် ဖြစ်သည်။ စာရေးသူအနေဖြင့် ဘိုးဘိုးကြီးလက်ညှိုးမှာ ဗိုလ်တထောင်စေတီ ဆံတော်မြတ်ကို လမ်းညွှန်ပြသလို ထင်မှတ်ရပါသည်။

ထို့ကြောင့် သာသနာစောင့်ဘိုးဘိုးကြီး ဖြစ်၍ ဘုရားပူဇော်၊ သီလဆောက်တည်၊ ကောင်းမှုကုသိုလ်ပြုသူ၊ မေတ္တာတရားရှိသူ၊ ဘုရားဂုဏ်တော်ပွားသူ၊ သာသနာတော်ကို ကူညီထောက်ပံ့သူတို့ကို ဘိုးဘိုးကြီးက ကူညီစောင့်ရှောက်မှာ အမှန်ဖြစ်ပါသည်။

■ မဉ္ဇိမ ■

ဗိုလ်တထောင်ဘိုးဘိုးကြီး ပြည်ပနိုင်ငံသားများကိုပင် ကူညီစောင့်ရှောက်ပေးနိုင်သောကြောင့် မိမိ ပြည်တွင်းမှ ဗုဒ္ဓဘာသာဝင် သူတော်စင်များကိုလည်း ကူညီစောင့်ရှောက်မှု ပေးမည်မှာ အမှန်ဖြစ်ပါသည်။

ဗိုလ်တထောင်ဘိုးဘိုးကြီးသည် မြို့ရှာစောင့်နတ်ကဲ့သို့ ဗိုလ်တထောင်၊ ဆိပ်ကမ်းမြို့နယ်တစ်ဝိုက်အတွက်သာ ကူညီစောင့်ရှောက်နိုင်သည်ဟု မထင်မှတ်သင့်ပေ။

ယခုအခါ ဗိုလ်တထောင်စေတီ ဝိဇ္ဇာဓာတ်နန်းရှိ အဘဘိုးမင်းခေါင်၊ ဘိုးဘိုးအောင်တို့ရှေ့တွင်လည်း ကန်တော့ပွဲ လှူနေကြပါသည်။ ရှင်ဉပဂုတ္တ၊ ရှင်သီဝလိရဟန္တာအရှင်မြတ်ကိုလည်း ကန်တော့ပွဲ လှူနိုင်ပါသည်။

ဂေါပကလူကြီးတစ်ဦးမှ အခုနောက်ပိုင်း ဘိုးမင်းခေါင်ပွဲတွေလည်း လာလှူကြတာ တွေ့မြင်နေရတယ် ဟု ပြောဆိုပါသည်။ ထိုကန်တော့ပွဲကို ကန်တော့ပွဲရောင်းသော ဆိုင်မှာ မှာထားပါက လာပို့ပေးပါသည်။ ကိုယ်တိုင်ပြောဆို လှူရပါမည်။

## အဘဘိုးမင်းခေါင် ကန်တော့ပွဲလှူဒါန်းနည်း

အုန်းသီးတစ်လုံးနှင့် ငှက်ပျောသီး သုံးဖီးပွဲတစ်ပွဲ၊ အုန်းသီးတစ်လုံးနှင့် ငှက်ပျော ငါးဖီးပွဲ၊ ကိုးဖီးပွဲ မိမိတတ်နိုင်သလောက် တတ်နိုင်သလို ကန်တော့ပွဲလှူနိုင်ပါသည်။ ကန်တော့ပွဲကြွက်မြီးကို အရှေ့မြောက်အရပ်သို့ လှည့်ထားရပါမည်။

ကန်တော့ပွဲကွမ်းယာ သုံးယာ၊ လက်ဖက်တစ်ထုပ်၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ဆေးပြင်းလိပ် တစ်လိပ်၊ ထီး၊ တံခွန်၊ ကုက္ကား တစ်စုံ၊ အောင်သပြေညွန့် ထည့်လှူပါ။

"အဘဘိုးမင်းခေါင်ကြီးဘုရား ... သားတော်/သမီးတော်သည် အဘဘိုးမင်းခေါင်အား ရည်စူး၍ ဤကန်တော့ပွဲကို ဆက်ကပ်လှူဒါန်းပူဇော်ပါတယ်။ အဘကိုယ်တိုင် ကြွရောက်၍ လက်ခံ အလှူခံလိုပါက ကြွရောက် အလှူခံပါ။ ကိုယ်တိုင်ကြွမလာနိုင်ပါကလည်း အဘရှိရာအရပ်မှ ဝမ်းမြောက်ဝမ်းသာ လက်ခံပေးပါ။ အဘအား ဤသို့ ကန်တော့ပွဲ ဆက်ကပ်လှူဒါန်းရသော ကုသိုလ်ကံစေတနာ အပေါင်းတို့ကြောင့် အဘမှနေ၍ သားတော်နှင့် (သမီးတော်နှင့်) မိသားစုအား စဉ်ဆက်မပြတ် စောင့်ရှောက်တော်မူပါ။ ဆိုဆုံးမတော်မူပါ။ ဘိုးတော်ကြီး၏ မေတ္တာစာတ်ကို ခံယူပါတယ်။ သားတော်၊ သမီးတော်တို့အား ဆက်သွယ်၍ သားတော်၏(သားကြီး၏) ( ) နေ့သား၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးပါရန် တောင်းခံအပ်ပါတယ် အဘဘုရား" ဟူ၍ ရွတ်ဆိုပါ။

(အချို့လည်း အဘဘိုးမင်းခေါင်ခင်ဗျာ) ဟု ရေးကြသည်။ ရှိသေလေးစားသောအားဖြင့် သာသနာပြု ဝိဇ္ဇာရှေ့ဆောင်ကြီးဟု ယုံကြည်ပြီး ဘုရားဟု သုံးနှုန်းခြင်းဖြစ်ပါသည်။ မိမိစိတ်အာရုံ ရှိသလို ပြောဆိုနိုင်ပါသည်။

သားတော် ( ) အတွက် အခက်အခဲကြုံတွေ့နေရပါ၍ ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးတော်မူပါ။ ဝိဇ္ဇာဦးစီးဦးဆောင် အဘ

ဘိုးမင်းခေါင်နှင့်တကွ ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်များအား ရှိသေလေးစားစွာ ကန်တော့ပါတယ်။ သားတော်၊ သမီးတော်တို့ အလိုရှိရာ (    ) ဆုကို လက်ဝယ်ပိုင်ပိုင် ရရှိနိုင်ရပါလို၏ ဘုရား။ သိဒ္ဓိဆယ်ပါးနှင့် ပြည့်စုံ၍ သာသနာပြုနိုင်သောပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ် ဖြစ်ရပါလို၏ ဘုရား။ [ဘုရားရှိခိုး၊ ငါးပါးသီလခံယူပြီး ကန်တော့ပွဲလှူ ဆုတောင်းပါ။]

## အထူးအဓိဋ္ဌာန်ပြုသင့်သူများ

(၇) နေ့ သားသမီး မည်သူမဆို ဗိုလ်တထောင်စေတီတော် သို့ သွားရောက်ဖူးမြော်ကြည်ညို နိုင်ပါသည်။ ကုသိုလ်ကောင်းမှုများ လည်း ပြုလုပ်နိုင်ပါသည်။ ဘိုးဘိုးကြီးနှင့် အစ်မတော် မြနန်းနွယ် ထံမှာလည်း ဆုတောင်းမှုပြုနိုင်ပါသည်။

လောကီပညာအရ အင်္ဂါ၊ ဗုဒ္ဓဟူး သက်ရောက်ဗြိုဟ်စား ဖြစ်နေသူများအနေဖြင့် ကြာသပတေးတန်းစီး၊ စနေတိုင်ထိပ် ဖြစ်နေပါသည်။

၇ ← တထောင်
၆
၅ ဗိုလ်

ဗိုလ်တထောင် (၅ ၇)
မြနန်းနွယ် (၅ ၇)
နှင့် တိုက်ဆိုင်နေသောကြောင့်

ဗိုလ်တထောင်ဘုရားမှာ ပဋ္ဌာန်းရွတ်ဆို၊ မေတ္တာပို့၊ ဗုဒ္ဓေါဂုဏ်တော် ပုတီးစိပ်ခြင်းများ အထူးပြုလုပ်သင့်ပါသည်။ မိမိအဓိဋ္ဌာန်ပြုလုပ်

ရမည့်နေ့၊ သွားရောက်ရမည့်နေ့မှာ ကြာသပတေးနေ့၊ စနေနေ့ (၂) ရက် ဖြစ်သည်။ (သို့မဟုတ်) အချိန်ရပါက ၅ တေးနေ့မှ စပြီး (၁၂) ရက် ဖြစ်စေ၊ စနေနေ့မှစပြီး (၁၂) ရက်ဖြစ်စေ အဓိဋ္ဌာန်ဝင်သင့်ပါသည်။ ထိုသို့အဓိဋ္ဌာန်ဝင်ရာတွင် ထောပတ်ဆွမ်း၊ (ထောပတ်ပါသောအစားအစာ) တစ်မျိုးမျိုး၊ ဒံပေါက်ဆွမ်း၊ တမာညွန့်၊ ပိတောက်ညွန့်၊ ဖယောင်းတိုင်၊ ပဲနို့ စသည်တို့ လှူဒါန်းပေးပါ။

**မှတ်ချက်။** ။ သောကြာသားသမီးများ တမာညွန့် မလှူဘဲ ပိတောက်ညွန့်၊ ပိန္နဲရွက်တစ်မျိုးမျိုး လှူပါ။

ဂြိုဟ်အညံ့များ ပျောက်ပြီး အလုပ်အကိုင် အဆင်ပြေစေပါမည်။ တစ်ဖန် တနင်္ဂနွေနှင့် ဗိုလ်တထောင် (၅ + ၇) သည် မိတ်ဓာတ်ဖြစ်နေပါသည်။ ထို့ကြောင့် အလုပ်အကိုင်၊ အိမ်ထောင်ရေး၊ အိုးအိမ်အဆောက်အဦကိစ္စ၊ ရာထူးကိစ္စ၊ အုပ်ချုပ်ရေး၊ ဦးစီးဦးဆောင်ကိစ္စအတွက် အဓိဋ္ဌာန်ဝင်နိုင်ပါသည်။

ဗိုလ်တထောင်နှင့် မြနန်းနွယ် (၅ ၅ ၇) (၅၅၇) ဓာတ်တူနံတူ ဖြစ်နေတာလည်း ထူးခြားနေပါသည်။ မြနန်းနွယ်ဘုရား (ခေါ်) မေတ္တာရှင်မုနိလည်း ဆုတောင်းပြည့်ပါသည်။ ထိုင်းလူမျိုး (၇ + ၅) ဖြစ်နေ၍ ပို၍ ဓာတ်မိနေသည်ဟု ယူဆမိပါသည်။

ဆက်လက်ပြီး နာမည်ထင်ရှားကျော်ကြားနေသော အစ်မတော် မြနန်းနွယ်အကြောင်းကို ရေးသားဖော်ပြပေးပါမည်။ ထိုသို့ဖော်ပြရာတွင် အစ်မတော်သမိုင်းကြောင်းထက် ထူးခြားမှု၊ ဆုတောင်းပြည့်မှုကို ဦးစားပေး ရေးသားတင်ပြပေးသွားပါမည်။



# အစ်မတော်မြနန်းနွယ်

အစ်မတော် မြနန်းနွယ်နှင့်ပတ်သက်၍ ဆရာကြီးမင်းသိခ်(ဝတ္ထု)၊ အဘအောင်ဆုရှင်(သာကီဝင်)နှင့် ဆရာမြေလတ်မြတ်သူတို့ ရေးသားသော စာအုပ်သုံးအုပ်ထွက်ဖူးသည်။ စာရေးသူ ထင်ပေါ်ကျော်ကြား မယ်တော်ကြီးများ စာအုပ်ရေးသားပြုစုသောအခါ ထိုစာအုပ်သုံးအုပ်နှင့် ကိုယ်တိုင်လေ့လာမေးမြန်း သုတေသနပြုချက်များကို စုပေါင်းရေးသား ဖော်ပြခဲ့ပါသည်။

ဘိုးတော်၊ မယ်တော်၊ ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်များ၏ ထေရုပ္ပတ္တိကို ရေးသားကြရာတွင် တစ်ဦးနှင့်တစ်ဦး သိရှိလေ့လာမှတ်သားမှုတွေ ကွဲပြားခြားနားလျက် ရှိပါသည်။ ဤသည်ကို မိမိဘက်ကသာ မှန်သည်ဟု အငြင်းပွား၍ မရနိုင်ပေ။ 'ဝိဇ္ဇာမှာ လိပ်စာမရှိ' 'ရုပ်ကို မသုံး နာမ်ကိုသုံး' ဟူသော အဆိုများ ရှိသည်မဟုတ်ပါလား။

ဤအချက်များကြောင့် မဇ္ဈိမစာပေမှ စီစဉ်မှုမ်းမံတည်းဖြတ်မှုကို ဆောင်ရွက်လျက်ရှိသော ကိုအောင်နိုင်သူ(ကိုနိုင်)မှ "ဆရာ... အစ်မတော်သမိုင်းကြောင်းထက် လက်ရှိဆောင်ရွက်မှု အနေအထား ထူးခြားမှု၊ အဓိဋ္ဌာန်ဆုတောင်းမှုကိစ္စတွေကို ဦးစားပေး ရေးသားပါ" ဟု အကြံပြုပါသည်။

သို့ပါ၍ အစ်မတော်ကြီး မြနန်းနွယ် (ခေါ်) သာသနာပြု မယ်တော်ကြီး ဒေါ်မြနန်းနွယ်၏ နောက်ခံသမိုင်းကို အကျဉ်းမျှသာ ရေးသားဖော်ပြပေးသွားပါမည်။

## အစ်မတော်မြနန်းနွယ်ဘဝဖြစ်စဉ်

ပဲခူးတိုင်းဒေသကြီး သုံးဆယ်မြို့၊ ရွာမရွာမှ ဒေါ်စောနှင့် အင်္ဂလိပ်စစ်ဗိုလ် မစ္စတာဆွိန်းဆိုသူနှင့် အိမ်ထောင်ကျပြီး သားသမီး (၅) ဦး ထွန်းကားသည်။ ထို (၅) ဦးအနက် အမှတ် (၄) မှာ မအယ်နီဖြစ်သည်။ အချို့လည်း ဟိန္ဒူကပြားအမျိုးသမီးကြီး ဟု ဆိုသည်။ ဒေါ်အယ်နီ (ခေါ်) အယ်နီမကို မြန်မာသက္ကရာဇ် ၁၂၇၇ ခုနှစ်၊ ၁၉၁၆ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ဆရာကြီးအောင်ဆုရှင်က (၁၉၀၆) ခုဟု ဆိုသည်။ (၁၀) နှစ်ကွာသည်။

ဒေါ်အယ်နီသည် မိန်းမချောတစ်ဦး ဖြစ်သည်။ ဦးမောင်နှစ်နှင့် အိမ်ထောင်ကျပြီး ရန်ကုန်မြို့စွန်တွင် ဂျပန်များနားခိုခဲ့ကြရာ ဘိုးဘွားပိုင်ခြံတစ်ခြံကို ဝယ်ယူကြသည်။ ထိုခြံကြီး၏ နေအိမ်အနောက်ဘက်တွင် ရေတွင်းပျက်ကြီးတစ်တွင်း ရှိသည်။ ထိုရေတွင်းပျက်ကြီးကို ပြန်လည်ပြုပြင်ဖော်ထုတ်ရာ ကျည်ဆန်သံသေတ္တာကြီး နှစ်လုံးတူးဖော်ရရှိသည်။ ထိုသေတ္တာအတွင်းတွင် ရတနာရွှေငွေပစ္စည်း အချို့နှင့် ကြေးသွန်းဘုရားရုပ်ပွားတော် နှစ်ဆူ၊ ကျန်တစ်လုံးမှာ ရွှေငွေ လက်ဝတ်လက်စားများနှင့် လူသုံးပစ္စည်းအနည်းငယ် ပါရှိသည်ဟု ဆို၏။

ဒေါ်အယ်နီသည် ငယ်စဉ်က ဘွားအေဖြစ်သူ ဒေါ်ရွှေရိုတ်မှ မြတ်ဗုဒ္ဓဒက္ခိဏာရုပ်ပွားတော်တစ်ဆူ ပူဇော်ရန် ချီးမြှင့်ပေးပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်စေသည်။ ဒေါ်အယ်နီမှာ ဘိုကပြားဖြစ်ပြီး ရုပ်ရည် ရူပကာမှာ အလွန်လှပအချိုးကျသူ ဖြစ်သည်။

ဒေါ်အယ်နီတို့ ဇနီးမောင်နှံ ရွှေငွေရတနာများ ရှိပြီး ကုသိုလ်ကောင်းမှုများ ပြုလုပ်ရန် စဉ်းစားကြသည်။ ထိုအတော အတွင်းမှာ ဒေါ်အယ်နီ ထူးဆန်းသောအိပ်မက် မြင်မက်သည်။ အိပ်မက်ထဲတွင် တွေ့မြင်ရသော အမျိုးသမီးမှ ရွှေငွေရတနာပစ္စည်း တွေကို ဘုရားလှူနိုင်းသည်။ အိပ်မက်ထဲတွင် တွေ့ရသော အမျိုး သမီးမှာ 'မြနန်းနွယ်' ဖြစ်သည်။ အိပ်မက်မကြာခဏ လာပေးသည်။ သာယာဝတီခရိုင် သုံးဆယ်မြို့ ရွာမရွာတွင် မြအောင်စေတီတော် တည်သည်။ ဒေါ်မြနန်းနွယ်ကောင်းမှုစေတီဟု ဆိုသည်။ ဒေါ်အယ်နီ မှာ မြနန်းနွယ်အမည် ခံ၍ လှူသည်။ မြအောင်စေတီတော် အနောက် ဘက်တွင် မြနန်းနွယ်ကောင်းမှု နတ်ရေတွင်း ရှိသည်။ ရေတွင်းပြီး သက္ကရာဇ်မှာ ၁၃၁၈ ခုနှစ်ဟု ကမ္ပည်းထိုးထားသည်။ ဒေါ်အယ်နီ အသက် (၄၁) နှစ်အရွယ်ဖြစ်သည်။ မြနန်းနွယ်စေတီတော်မှာ မြနန်းနွယ်ကောင်းမှု နတ်နန်း၊ နတ်ကွန်းပုံတွေ ဖော်ပြထားသည်။ အစ်မတော် မြနန်းနွယ် ရုပ်တုပုံလည်း တွေ့မြင်ရသည်။

အစ်မတော်မြနန်းနွယ်မှာ သာသနာပြုမယ်တော်ကြီးအဖြစ် ခံယူထားသည်။ လေ့လာကြည့်သောအခါ ဒေါ်အယ်နီကို မြနန်းနွယ် က အိပ်မက်ပေး၍ သူ၏ကိုယ်စား လှူနိုင်းသည်။ ယနေ့ခေတ် အယူ အဆအရ အစ်မတော်မြနန်းနွယ်သည် သိုက်ဘဝရောက်နေသည်ဟု ယူဆရမည်။

ယနေ့ခေတ်တွင်ပင် အိပ်မက်ပေး၍သော်လည်းကောင်း၊ ကိုယ်ထင်ပြ၍သော်လည်းကောင်း၊ နာမ်ပူးကပ်၍လည်းကောင်း

အလှူဒါနပြုပြီး မေတ္တာပို့ အမျှအတန်း ပေးဝေခိုင်းသော ဖြစ်ရပ်မှန်များ အထင်အရှား ရှိပါသည်။ ဆောင်းပါးရှည်မည်စိုးပါ၍ အကျယ်ချဲ့မတင်ပြတော့ပါ။

ဒေါ်အယ်နီသည် အိပ်မက်ရှင် မြနန်းနွယ် ညွှန်ကြားသည့်အတိုင်း ဗိုလ်တထောင်စေတီ အုတ်ပုံကြားမှ ရုပ်ပွားတော်တစ်ဆူကို ရှာဖွေပင့်ဆောင်လာပြီး ပြုပြင်မွမ်းမံသည်။

၁၉၅၆ ခုနှစ် ဇန်နဝါရီလ (၂၁) ရက် မြန်မာသက္ကရာဇ် ၁၃၁၇ ခုနှစ် ပြာသိုလဆန်း (၉) ရက် စနေနေ့နံနက် (၄း၁၅) မိနစ်ခန့်တွင် အိမ်မှာစီရင်သည့် ရုပ်ပွားတော်မြတ်တစ်ဆူနှင့် ဗိုလ်တထောင်မှ ပင့်ဆောင်လာသည့် ရှေးဟောင်းဘုရားတစ်ဆူကို ရတနာကျောက်စီ မွမ်းမံပြီး ပဋ္ဌာလောဟာ ရုပ်ပွားတော်မြတ်နှင့် သီးခြားရုပ်ပွားတော်မြတ်တို့အား လှူဒါန်းခဲ့သည်။ အလှူရှင်၏အမည်ကို မေးသောအခါ အလှူရှင် 'ဘုရားတကာမကြီး မြနန်းနွယ်' ဟု ပြောဆိုသွားပါသည်။ နံနက်အစောကြီး လူရှင်းချိန် လာလှူသွားပြီး နေရပ်လိပ်စာလည်း မပြော၊ နောက်ကလိုက်ကြည့်တော့ မတွေ့တော့ (ကားနှင့်ထွက်သွား)သည်ကို အကြောင်းပြု၍ အစ်မတော်မြနန်းနွယ် သိုက်ကနေပြီး လူယောင်ဖန်ဆင်းပြီး လာလှူသွားသည်ဟု ယနေ့တိုင်ယုံကြည်နေကြပေသည်။

လာရောက်လှူစဉ်က မြတ်စွာဘုရားရုပ်ပွားတော်တွင် ပတ္တမြား၊ စိန်၊ ရွှေရတနာပစ္စည်းများ ပါရှိသည် ဟုဆိုသည့်အပြင် ငွေဖလားဖြင့် ကျောက်သံပတ္တမြားတွေလည်း ပါခဲ့သည်ဟု ဆိုပါ

သည်။ ရုပ်ပွားတော်တစ်ဆူမှာ ယခု မြနန်းနွယ်ဘုရားကျောင်းတော်ကြီး၌ ကိန်းဝပ်စံပယ်တော်မူလျက် ရှိသော "မဟာဓေယျသိဒ္ဓိ မေတ္တာရှင်မုနိ" မြတ်ဗုဒ္ဓရုပ်ပွားတော်မြတ် ဖြစ်ပါသည်။ ထိုဘုရားရှေ့တွင် မြနန်းနွယ်ဘုရား (အစ်မတော်မြနန်းနွယ်လှူသည့် ဘုရား) ၁၃၁၆ ခု ပြာသိုလပြည့် စနေနေ့နံနက် ၀၄း၁၀ (၈.၁.၁၉၅၅) ဟု ရေးထားပါသည်။ နှစ် (၁၀၀) ပြက္ခဒိန်နှင့် တိုက်ကြည့်ရာ နှစ်ခုစလုံး မှန်နေပါသည်။

အချို့ကတော့ အစ်မတော်မြနန်းနွယ်နှင့် နဂါးသိုက် အဆက်အသွယ်ရှိသည်ဟု ယုံကြည်ကြသည်။ ဆရာကြီးအောင်ဆုရှင်ကတော့ ရှမ်းတိုင်းရင်းသားမျိုးနွယ်နှင့် ဆက်စပ်ပြီး မိုးကုတ်သူ ဟု ဆိုထားသည်။ အတိတ်ဘဝက ဝိဇ္ဇာမိုရ်နှင့် နဂါးမမှ ပေါက်ဖွားသော စောနန်းနွယ်ဘဝမှ ယခုဘဝ မြနန်းနွယ် ဖြစ်လာပုံကို တင်ပြထားပါသည်။ သမိုင်းအထောက်အထား ခိုင်လုံစွာမရှိ၍ ရာနှုန်းပြည့်မှန်သည်ဟု မပြောနိုင်သလို လုံးဝမဖြစ်နိုင်ပါဘူး ဟူ၍လည်း ငြင်းဆို၍ မရပေ။ အိပ်မက်အရ မြင်တွေ့ရပုံနှင့် ဓာတ်စီးပြောသူစကား ပေါင်းစပ် ရေးထားခြင်း ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေကာမူ အစ်မတော်မြနန်းနွယ်အမည်နှင့် ဘုရားရုပ်ပွားတော် လာရောက်လှူသွားသည်မှာ အမှန်ဖြစ်ပါသည်။ ယခင်က သစ်သားဆောင်သာ ဖြစ်ပြီး အစ်မတော်ရုပ်တုလည်း မရှိသေးပေ။ ၁၉၉၀ ခုနှစ်မှာ အစ်မတော်မြနန်းနွယ်ကျောင်းဆောင်ကြီး ခန့်ခန့်ညားညား ပေါ်လာတာဖြစ်ကြောင်း သိရှိရပါသည်။ ကျောင်း

ဆောင်ပေါ်ပေါက်ပြီးမှ ရုပ်တုတော် ထုလုပ်ပင့်ဆောင်ကြခြင်း ဖြစ်သည်။ ဩဝါဒစရိယ ဆရာတော်ကြီးတွေ တားမြစ်ကြသော်လည်း အဘဦးအောင်ရှင်နှင့် ဆရာဦးနန်းဝေအောင်တို့ အစ်မတော်ထံ အဓိဋ္ဌာန်ပြု ဆုတောင်းမှုပြုပြီး ပင့်ဆောင်မှ ချောချောမောမော ပင့်ဆောင်၍ ရခဲ့ကြောင်း သိရှိရပါသည်။ ဤအချိန်မှစ၍ ထူးခြားခဲ့သည် ဟု ဆိုရပေမည်။ ယခင်က အုန်း၊ ငှက်ပျောသီး ရောင်းသူတွေပင် မရှိသေးပေ။ ယခု အုန်း၊ ငှက်ပျောသီးရောင်းသူတွေလည်း အဆင်မြေစီးပွားဖြစ်နေကြပါပြီ။ ဘုရားဂေါပကလည်း ဗိုလ်တထောင်ဘိုးဘိုးကြီးနှင့် အစ်မတော်မြနန်းနွယ် လာရောက်လှူကြသူ၊ ဆိုင်ခန်းငှားခများ၊ အုန်း၊ ငှက်ပျော လေလံတင်ရောင်းရငွေများဖြင့် ဗိုလ်တထောင်စေတီတော်မြတ်ကြီး ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိပါသည်။

ဤသည်ပင် အစ်မတော်က ဘုရားကြီးအတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီဒါနပါရမီ ဖြည့်ဆည်းပေးနေသည် မဟုတ်ပါလား။ သာသနာ့ပြုမယ်တော်ကြီး ဟု တိုက်ရိုက်မခေါ်စေလိုကာမူ ဘုရားသာသနာကို တစ်ဖက်တစ်လမ်း ကူညီထောက်ပံ့ပေးနေသူ၊ ပါရမီရှင်အစ်မ မြနန်းနွယ်ဟု ခေါ်ဆိုနိုင်ပါသည်။ အစ်မတော်လှူဒါန်းပူဇော်ထားသည့် 'မဟာဇေယျာသိဒ္ဓိမေတ္တာရှင်မုနိ' ဘုရားဗုဒ္ဓပူဇနီယပူဇော်ပွဲနှင့် အစ်မတော်မွေးနေ့ပွဲကို နှစ်စဉ် ပြာသိုလဆန်း (၈၊ ၉၊ ၁၀) သုံးရက် စည်ကားခမ်းနားစွာ ကျင်းပကြပါသည်။ အစ်မတော်၏ ပုံတော်ကို ဂျာနယ်မျက်နှာဖုံးတင် မွေးနေ့သတင်း

(နေလ)ဂျာနယ်တွင် စတင်ရေးခဲ့သူမှာ စာရေးသူ ဖြစ်ပါသည်။

## အစ်မတော်မြနန်းနွယ်၏ ထူးခြားမှုများ

အစ်မတော် မြနန်းနွယ်အဆောင်သို့ စနေနေ့တိုင်း(အပါတ်စဉ်) မပျက် ကန်တော့ပွဲကြီးနှင့် ပန်းများလာလှူသော ဦးနန်းဝေအောင်နှင့် ဘိုးတော်လေး (ခ) နဂါးနီထံသို့ စာရေးသူ ရောက်ရှိသွားပါသည်။ ထိုအချိန်တွင် အမျိုးသမီးတစ်ယောက် ကလေးငယ်ကလေး ပွေ့ချီ၍ ကန်တော့ပွဲလာလှူတာ တွေ့ရသည်။ ဘိုးတော်လေးက "အဓိဋ္ဌာန် အောင်ပွဲ" ဟု ပြောဆိုကာ ပွဲအပ်ပေးသည်။

"ဘာအဓိဋ္ဌာန်အောင်ပွဲလဲ" ဟု စာရေးသူက မေးသောအခါ "ကလေးမရလို့ အစ်မတော်ဆီမှာ ကန်တော့ပွဲလာလှူပြီး ဆုတောင်း တာ၊ အခု သားသမီးရတနာ ချောချောမောမော မွေးဖွားလာလို့ အဓိဋ္ဌာန်အောင်ပွဲ လာလှူတာပါ"ဟု ပြောဆိုပါသည်။ အသားဖြူဖြူ ဖွေးဖွေး သမီးလေးကို ချီကာ ပွဲလှူနေပုံ စာရေးသူ ဓာတ်ပုံရိုက် မှတ်တမ်းတင်ထားခဲ့ပါသည်။

ထိုနေ့မှာပင် အသက် (၃၀) ကျော် ဖနီးမောင်နှံ ကလေး မရ၍ လာရောက်ဆုတောင်းနေတာ တွေ့မြင်ရပါသည်။ ဘိုးတော်လေး မှ ပြည့်ပြည့်စုံစုံ ပြောဆို ဆုတောင်းပေးပါသည်။ ကိုယ်တိုင်ပြောဆို ဆုတောင်းမှု ပြုလိုပါကလည်း ပြုနိုင်စေရန် နောက်ပိုင်းမှာ ရေးသား ဖော်ပြပေးပါမည်။ အစ်မတော်ထံမှာ သားသမီးရတနာ ဆုတောင်း၍ ရတာ ထူးခြားမှုအဖြစ် ကိုယ်တိုင်တွေ့မြင်ခဲ့ရပါသည်။

## တာဝန်ကျဝန်ထမ်းတစ်ဦး ပြောပြခြင်း

အစ်မတော်မြနန်းနွယ်အဆောင်၊ ဘိုးဘိုးကြီးအဆောင်၊ ဝိဇ္ဇာ မောက်နန်း စသည်ဖြင့် နေရာဌာနအသီးသီးတွင် လုံခြုံရေး၊ ဘုရားမှ ခန့်ထားသောဝန်ထမ်းများ အလှည့်ကျ တာဝန်ယူရပါသည်။ စာရေးသူ ရောက်ရှိစဉ် တာဝန်ကျဝန်ထမ်းတစ်ဦးမှ ပွဲလာလှူသူများအား ကိုယ်စားပြောဆို ဆုတောင်းမှု ပြုပေးနေတာ တွေ့မြင်ရပါသည်။ အများအားဖြင့် အဆိုပါပုဂ္ဂိုလ်တို့ အစီအစဉ်တကျ ပြောဆိုပွဲအပ် ဆုတောင်းပေးတာ တွေ့မြင်ရပါသည်။

သုံးလေးဦး ပြောဆိုဆုတောင်းပေးပြီး သူ၏ ထိုင်ခုံနေရာတွင် ခေတ္တအနားယူခိုက် စာရေးသူလည်း သိလိုတာ မေးမြန်း လိုက်ပါသည်။

"အစ်မတော်ဆီမှာ ပွဲလာလှူကြတယ်။ တစ်ပတ်တစ်ခါ လာလှူသူတွေလည်း ရှိတယ်။ မနက် (၆) နာရီကနေ ည (၉) နာရီ အထိ ပွဲလှူသူမပြတ်ပါဘူး။ စနေ၊ တနင်္ဂနွေနေ့မှာတော့ ပိုများတယ်။ ထိုင်းနိုင်ငံတွေ ကားစီးလိုက်လာကြတယ်။

"ကောင်မလေးတစ်ယောက် အကူအညီလာတောင်းတယ်။ အဘ အစ်မတော်ဆီမှာ ဆုတောင်းပေးပါ။ သမီး လောင်းကစား လုပ်တာ ဆယ်သိန်းရှုံးသွားတယ်။ အခု စိတ်သောကဒုက္ခရောက်နေလို့ အစ်မတော်ထံ အကူအညီလာတောင်းတာပါ။ အစ်မတော်ဆီက ပြန်တောင်းပေးပါ။ ဒါနဲ့ အဘက သမီးက အစ်မတော်ဆီမှာ ပိုက်ဆံတွေ အပ်ထားလို့လားလို့ ပြန်မေးလိုက်တယ်။ အစ်မတော်ကို

ယုံကြည်လို့ပါ အဘ လို့ ပြောတယ်။

"ဒါနဲ့ --- လည်း ကန်တော့ပွဲလှူပြီး ပြောဆိုဆုတောင်းပေးလိုက်တယ်။ အမိဋ္ဌာန်ပြုပေးလိုက်တယ်။ ကတိသစ္စာ ပြုတယ်။

နောက်မကြာဘူး တစ်ပတ်လောက်ကြာတော့ အဲဒီကောင်မလေး ပြန်ရောက်လာတယ်။

"အဘ ဆုတောင်းပေးတာ သမီးအမိဋ္ဌာန်အောင်တယ်" လို့ ပြောတယ်။

ကျွန်တော်လည်း လူအများနဲ့ဆိုတော့ မမှတ်မိဘူး။ သမီး ဘာအမိဋ္ဌာန်လဲလို့ ပြန်မေးလိုက်တယ်။ ကောင်မလေးက လောင်းကစား ကိစ္စလေ အဘ။ ဆယ်သိန်း ရှုံးသွားတယ်လေ။

"ဪ ... ဟုတ်ပြီ ... ဟုတ်ပြီ"

"အခု သမီး (၁၄) သိန်း ပြန်ရတယ်။ ရွှေငှက်ပျောသီးပွဲကြီး လှူချင်လို့ပါ အဘ"

"ဟုတ်ပါပြီ။ ကတိပေးထားတဲ့အတိုင်း နောက်ထပ် မလုပ်တော့နဲ့နော်။ လောင်းကစားလုပ်တာ မကောင်းဘူး"

"မလုပ်တော့ပါဘူး အဘ။ ကတိပေးပါတယ်" လို့ ပြောဆိုပြီး ဘုရားမှာလည်း ငွေလှူ၊ ကျုပ်ကိုလည်း ငွေကန်တော့သွားတယ်" ဟု ပြောပြပါသည်။

"တချို့တလေ ဆေးရုံက ခွဲစိတ်ရမယ်လို့ ပြောတယ်။ ဆရာဝန်တွေ မခွဲစိတ်မီ အစ်မတော်ဆီ ရောက်လာ အမိဋ္ဌာန်ပြုဆုတောင်းကြတယ်။ မခွဲစိတ်ရရင် အမိဋ္ဌာန်ပွဲလာပေးပါမယ်လို့

သစ္စာပြုတယ်။ မခွဲစိတ်ရဘဲ ဆေးထိုး ဆေးသောက်နဲ့ ပျောက်သွားတယ်။ အပြင်မှာ ဆေးကုဆေးရုံတက်ခွဲရမယ် ပြောပြီး လာဆုတောင်းလို့ ဆေးရုံမတက်၊ မခွဲရတဲ့သူတွေ ကျုပ် မျက်မြင်ကိုယ်တွေ့ပါပဲ။ သုံးလေးဦးတွေ့ရတယ်။ အံ့ဩစရာကောင်းပါတယ်"

"---တို့လက်တွေ့လုပ်နေရတဲ့ အလုပ်တွေပါ"

"ထီဆုကြီးပေါက်တာရော ကြုံဖူးလား အဘ"

"အဲဒါတော့ မကြုံဖူးသေးပါဘူး"

"ဒီမှာက -- -တို့ အမြဲတာဝန်မကျဘူး"

အလှည့်ကျနေရတာ။ တစ်ယောက်နဲ့ တစ်ယောက်တော့ အတွေ့အကြုံ မတူဘူး။ ဒီမှာက နေ့စဉ် လူကမပြတ်ဘူး။ အတွေ့အကြုံပြောရရင်လည်း တစ်နေကုန်ပြီးမှာ မဟုတ်ဘူး။ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အလုပ်ရာထူးကိစ္စ၊ ကလေးရရေး၊ အစုံလာကြတာလေ။

နောက်တစ်ခု အတွေ့အကြုံ ပြောပြရာတွင် အိုးပိုင်အိမ်ပိုင်ကိစ္စလည်း အဆင်ပြေကြတယ်။ အချို့အိမ်ပိုင် လုံးဝမရှိဘူး။ ၁၀ ပေအိမ်လေးတစ်လုံး ရသွားတယ်။ နောက်အစ်မတော်ကို အောင်ပွဲအဓိဋ္ဌာန်ပွဲတွေ လှူပြီး ၁၀ ပေကနေ ပေ ၂၀ အိမ် ရသွားတယ်။ အိမ်ခြံမြေရောင်းချင်သူတွေလည်း လာရောက်အဓိဋ္ဌာန်ကြပါတယ်။ အဘတာဝန်ကျချိန်မှာ လေးငါးဦး ကြုံရတယ်"

'နောက်အစ်မတော် လိပ်ပြာ(နာမ်)ရှိတာလည်း ကျုပ်ကတကယ်ယုံသွားတယ်။ ကျွန်တော်တို့အဖေက ဒီမှာ (၃၅) နှစ်

လုပ်သွားတာ။ အခုထိ ရှိတယ်။ အခု အသက် (၉၃) နှစ်ရှိပြီ။ နာမည်က ဦးဘချစ်။ သူဝင်ခါစကပေါ့။ ကျွန်တော့်အဖေက မျက်နှာပြောင်တယ်။ ပျော်တတ်တယ်။ အဲဒါ အစ်မတော်ဆီကို သွားပြီး နမ်းလိုက်တယ်။ (အစ်မတော်ရုပ်တုက ချောမှချော ချစ်စရာကောင်းတယ်) ဆိုပြီး နမ်းလိုက်တာ။ ညနေထိုင်နေရင်း အထက်လှန်အောက်လှော်ဖြစ်တာ။ ကံကောင်းလို့မသေတာ။ ကားငှားပြီး ဆေးရုံချက်ချင်းပြေးရတယ်။ ဆေးတွေသွင်းရတယ်။ အစ်မတော်ကိုလည်း ကန်တော့ပွဲပေး တောင်းပန်ရတယ်။ နောက်မလုပ်ရဲတော့ဘူး။ နောက် အမှားမလုပ်ရဲတော့ဘူး။ (မထိလေးစား မလုပ်ရဲတော့ဘူး) အခုအထိ ကြောက်သွားတယ်။

မကြာခင်က လူငယ်တစ်ယောက် မူးပြီးတက်လာတယ်။ ဒီရုပ်တုက ဘာဖြစ်တယ်၊ ညာဖြစ်တယ် စသည်ဖြင့် မိုက်မိုက်ရိုင်းရိုင်း စကားတွေ လာပြောတယ်။ အစ်မတော်အဆောင်ကလည်း အထွက်အပေါက်ဝမှာ ရဲနဲ့တွေ့ပြီး အဖမ်းခံရတယ်။ အိတ်ထဲစစ်လိုက်တော့ ဆေးခြောက်တွေ့လို့ အချုပ်ထဲ တန်းပို့လိုက်တယ်။ နောက် ထောင်ကျသွားတယ်။ အခုပြော အခုချက်ချင်း ဒိဋ္ဌဓမ္မပြတာ။

ကျွန်တော်တို့မျက်စိရှေ့မှာတင် ဖြစ်တာ။ နောက် ကောင်မလေးတစ်ယောက် မနက်အစောကြီး ငိုပြီးရောက်လာတယ်။ "အဘ သမီးကို တောင်းပန်ပေးပါ" လို့ ပြောတယ်။ "ဟဲ့ ... သမီး ဘာ ဖြစ်လာတာလဲ အဘကို အကျိုးအကြောင်းပြောပြလေ"

"မနေ့က အစ်မတော်ဆီလာတော့ အောက်မှာ (ကျောင်း

ဆောင်အခင်း) ပဝါတစ်ထည် ကျနေတာ တွေ့ရတယ်။ ပုဝါကလည်း အကောင်းလေးပါ။ ဒါနဲ့ သမီးလည်း အစ်မတော်ဆီသွားလျှပြီး ခြုံပေးလိုက်တယ်။ ညကျတော့ အိပ်မက်ထဲမှာ နဂါးတွေလည်း ပြ၊ အစ်မတော်ကိုယ်တိုင်လည်း ရပ်ပြပြီး သမီးကို စိုက်ကြည့်နေတယ်။ မကျေနပ်တဲ့ပုံလိုဖြစ်နေတယ်။ ညက ကြောက်ပြီး ကောင်းကောင်း အိပ်မပျော်တော့ဘူး။ အိပ်ရာနိုးတာနဲ့ မိုးလင်းတာနဲ့ ပြေးလာတာပါ''

''ဟုတ်ပြီ ... ဟုတ်ပြီ။ အစ်မတော်က အောက်ကျနေတဲ့ (ခြေနင်း)က မသန့်တဲ့ပဝါခြုံပေးတာ မကြိုက်လို့ ဖြစ်ရတာ။ သမီးက မသိလို့ လုပ်လိုက်တာပဲ။ ကန်တော့ပွဲတစ်ပွဲ ဝယ်လိုက်။ အဘ တောင်းပန်ပေးမယ်''

''ဟုတ်ကဲ့ အဘ''

''သမီးက မသိလို့လုပ်လိုက်တာကို သတိပေးတာပါ။ ဘာမှမစိုးရိမ်ပါနဲ့။ အစ်မတော်က တောင်းပန်ရင် ခွင့်လွှတ်ကျေနပ်ပါတယ်''

ကျွန်တော်လည်း ကန်တော့ပွဲ လျှုရင်း တောင်းပန်ပေးလိုက်မှ ကောင်မလေး အငိုတိတ် စိတ်အေးချမ်းပြီး ပြန်သွားတော့တယ်။

''အစ်မတော်က မသန့်တာ မကြိုက်တာပေါ့နော် အစ်ကို''

''ဟုတ်တယ်။ ဝက်သား၊ အမဲသား စားပြီး အနားကပ်တာ၊ အရက်သောက်ပြီး လာတာ၊ မသန့်တဲ့ပစ္စည်းလှူတာတွေ မကြိုက်ဘူး။ ဒါကြောင့် အုန်းသီး၊ ငှက်ပျောသီးတွေဆို လှူပြီး စွန့်ပစ်လိုက်တာ။ အုန်းသီးဆို ပြန်သုံးမရအောင် အညှာတွေ ညှပ်ပစ်လိုက်တယ်

လေ"

အုန်းသီးများ အညှာညှပ်ပြီး စွန့်၊ ငှက်ပျောသီးတွေ နောက်က စတိုထဲမှာ (ယခုအခါ ဂေါပကရုံးမှ CCTV တပ်ထားတာ တွေ့ရသည်။) စွန့်တာ စာရေးသူကိုယ်တိုင် မြင်တွေ့ခဲ့ပါသည်။ မမှန်မကန်လုပ်ပါက ဒုက္ခကြုံတွေ့ရပါသည်။

ထိုင်းနိုင်ငံသားတွေက တကယ်ယုံကြည်ကြပါတယ်။ ဗိုလ်တထောင်ဘုရား၊ နန်းဦးဘုရား၊ အစ်မတော်ကျောင်းဆောင်မှာ တွေ့ရတဲ့ မီးပန်းဆွဲတွေက သူတို့ လာလှူထားကြတယ်။

ထိုင်းနိုင်ငံသူ နိုင်ငံသားတို့သည် ဗိုလ်တထောင်နှင့် ဘိုးဘိုးကြီး၊ ဗိုလ်တထောင်ဘုရားနှင့် အစ်မတော်မြနန်းနွယ် စသည့်ပုံပါသော လည်ဆွဲအဆောင်ကို ယုံကြည်စွာ ဆောင်ကြသည်။ စာရေးသူကျိုက်မရောဆရာတော် မွေးနေ့ပွဲသွားသောအခါ ထိုင်းမှ ကြွလာသော ဆရာတော်တစ်ပါးမှ ကတ္တီပါအိတ်အနီကလေးဖြင့် အဆောင်တစ်ခု ပေးသည်။ ဖွင့်ကြည့်လိုက်တော့ လော့ကတ်သီးပုံစံ အဆောင်လေး။ တစ်ဖက်က ဘိုးဘိုးကြီးပုံ၊ တစ်ဖက်က ဗိုလ်တထောင်ဘုရားပုံ ဖြစ်သည်။ ရွှေရောင်ကွပ်ထားပြီး လက်ရာသေသပ်သည်။ သူတို့ဆီမှာ ပြုလုပ်သည် ထင်သည်။

တာဝန်ကျပုဂ္ဂိုလ်မှ စာရေးသူအား ရှင်းပြပေးပြီးသောအခါ ကန်တော့ပွဲ လာလှူသူရောက်ရှိလာ၍ ပွဲအပ်ဆုတောင်းမှု ပြုပေးသည်။

## အင်းစိန်မှ အမျိုးသမီးတစ်ဦး ပြောပြခြင်း

အပတ်စဉ် အစ်မတော်ထံလာတာ (၂)နှစ်ခန့် ရှိပြီ။ အစ်မကြီးရဲ့ ဝေယျာဝစ္စကို လုပ်ပေးတယ်။ ပွဲလည်း လာလှူတယ်။ အောင်ပွဲ၊ အဓိဋ္ဌာန်ပွဲ လာလှူဖြစ်တယ်။ အခက်အခဲတွေရှိရင်လည်း ကိုယ့်အစ်မကြီးလို အစ်မတစ်ယောက်လို ဖွင့်ပြောတယ်။

"ဘယ်လိုပြောတာလဲ"

"အစ်မကြီး သမီးကတော့ (   ) ဤမည်သော အခက်အခဲကြုံတွေ့နေရပါတယ်။ သမီးအကြွေးငွေကိစ္စ ဒီလိုဖြစ်နေပါတယ်။ သမီး ဘာလုပ်ရမလဲ လမ်းညွှန်ပေးပါ"

"ဘယ်လိုလမ်းညွှန်ပေးလဲ"

"အိပ်မက်ပေးတယ်။ တစ်ခါတစ်ရံလည်း နားနားမှာ လာပြောသလိုလို ကြားလိုက်ရတယ်။ ပြောတဲ့အတိုင်း အလှူဒါနလုပ်ပေးပါတယ်"

ဆရာတို့ဆီမှာလည်း အကြံဉာဏ်တောင်းတယ်။ (ဦးနန်းဝေနှင့်ဘိုးတော်လေး) အကြံဉာဏ်ယူတယ်။ ပြီးရင် သူ့ဟာလေးနဲ့သူ အားလုံးအဆင်ပြေအောင် အစ်မတော်က ဆောင်ရွက်ပေးပါတယ်။

စနေနေ့မှာတော့ ကန်တော့ပွဲ (စုပေါင်း) လှူ ဆုတောင်းမင ပြုပါတယ်။

"ထူးခြားမှုတစ်ခုလောက် ပြောပြပါလား"

"ပဲခူးဘက်က လိပ်ကြည့်တောင်မှာ အစ်မကြီးကို လိပ်ပြာသိပ်တယ်။ သမီးက မီးဖိုချောင်လုပ် မလုပ်တတ်ဘူး။ ဆရာက

သမီး ကျောက်ကျောထိုးကြမယ်လို့ ပြောတယ်။ သမီးက ကျောက်ကျော မထိုးတတ်ဘူး။ အဲဒီမွေ့ရမယ့်အလုပ် မမွေ့တတ်ဘူး။ အဒေါ်တွေလုပ်တာ အမြင်တော့ရှိတယ်။ ပြီးတော့ ထင်းမီးတွေနဲ့ လုပ်ရမှာ။ သူများနေရာမှာ။ အချိုးအဆစပ်ပြီး လုပ်ရမယ်ပြောတယ်"

ဆရာက သမီး နင်တစ်ယောက်ပဲ ရှိတာ။ နင့်ဘာသာကြည့်လုပ်ပေတော့လို့ ပြောတယ်။ သမီးလည်း မလုပ်တတ်လုပ်တတ်နဲ့ ပျော့သွား ပြဲသွားရင် ကိုယ့်ကြောင့် မျက်နှာမလှဖြစ်မယ်။

ဒါနဲ့ အမေကြီးကို သတိရတယ်။ အမေကြီး(အစ်မတော်) သမီးက အစ်မကြီးပွဲကို လာအားဖြည့်ပေးတာပါ။ အစ်မကြီးလိပ်ပြာသိပ်ပွဲလာကူညီတာပါ။ သမီး ဒီကျောက်ကျောကို မထိုးတတ်ဘူး။ ဒီကျောက်ကျောက မနက်ကျရင် ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ကပ်ရမယ်။ လူပရိသတ်တွေလည်း စားကြမှာ။ အဲဒီအတွက်ကို အစ်မကြီး အကောင်းဆုံး၊ အလှဆုံးဖြစ်အောင် လုပ်ပေးပါလို့ အာရုံပြုပြောဆိုပြီး ထိုးလိုက်တယ်။ ဘယ်လိုထိုးလိုက်မှန်းတောင် မသိဘူး။ အဆင်ပြေသွားတယ်။ မနက်ကျတော့ အားလုံးကြိုက်ကြတယ်။ ဘုန်းဘုန်းတွေလည်း နှစ်သက်စွာ ဘုဉ်းပေးပြီး လူတွေက သဘောကျကြိုက်ကြတယ်"

"အဲဒါကတော့ တကယ့်လက်တွေ့ထူးခြားမှုပါပဲ ဆရာ"

ဒါကြောင့် အစ်မတော်မြနန်းနွယ် (အမေကြီး)ကို ဘာလို့ ယုံကြည်လဲမေးရင် လက်တွေ့ပြတယ်။ ထူးခြားမှုတွေရှိလို့ ယုံကြည်တယ်လို့ ဖြေရမယ်။ အစ်မကြီးက အကူအညီတောင်းတိုင်း ပေး

တယ်။ လုပ်ငန်းတစ်ခု သူမကြိုက်တာလုပ်လိုက်မိတယ်။

ကျွန်မက စားသောက်ဆိုင် ဖွင့်တယ်။ စီးပွားရေးအဆင်ပြေတယ်။ နောက်ဆိုင်မှာ အရက်၊ ဘီယာတင်ရောင်းတယ်။ အစ်မကြီးနဲ့ အနီးစပ်ဆုံးမှာနေပြီး ဒါတွေရောင်းတာ မကြိုက်ဘူး။ စီးပွားရေးပြန်ကျသွားတယ်။

"အမေကြီးက ဘာတွေမကြိုက်တာလဲ"

သူမမှ အမေကြီးခေါ်၍ စာရေးသူလည်း အမေကြီးခေါ်၍ မေးလိုက်ပါသည်။

အမိကကတော့ အရက်၊ ဘီယာရောင်းတာ သောက်သုံးတာ မကြိုက်ဘူး။ ခြေလေးချောင်းသားတွေ စားတာလည်း ကြိုက်ပုံမပေါ်ဘူး။ အမိကကတော့ အမဲနဲ့ဝက်သားပါပဲ။

သမီးကတော့ တကယ့်ကိုယ်တွေ့ပါပဲ ဆရာ။ အမေကြီးဒီတစ်ပတ် သမီးခြံကိစ္စ အဆင်ပြေချင်တယ်။ ဖုန်းတစ်လုံး ရချင်တယ်။ ရွှေလုပ်ချင်တယ်။ ပြောဆိုဆုတောင်းတာ တကယ်ရခဲ့ပါတယ်။ အံ့သြစရာလည်း ကောင်းပါတယ်၊

ဆရာဦးနန်းဝေတို့နဲ့ မသိခင် အစ်မတော်ကို ရိုးရိုးကန်တော့ပွဲပဲ လာလှူပြီး ဆုတောင်းတာပါ။ စောစောက ပြောသလို မိမိလိုရာဆန္ဒကို အမိဋ္ဌာန်တာ အောင်မြင်ပါတယ်။ နောက်ထမင်းဆိုင်နဲ့တွဲ အရက်၊ ဘီယာတွေ ရောင်း၊ အသားတွေ စား၊ လောင်းကစားလုပ်တော့ စီးပွားပြန်ကျသွားတယ်။ တရားသဘောနဲ့ ပြောရရင်တော့ ပျက်ချိန်တန်လို့ ပျက်ရတာပဲလို့ ဖြေသိမ့်ပါတယ်။ ဒါပေမဲ့ အမိက

ကတော့ အစ်မတော်(အမေကြီး) မကြိုက်တာ လုပ်ခဲ့လို့ ဖြစ်မယ်လို့ ယုံကြည်တယ်။

အခုဆို ဝက်သား လုံးဝမစားရတော့ဘူး။ ဝက်သားမြင်တာနဲ့ မသတီဖြစ်မိတယ်။ အမေကြီးနဲ့ အရမ်းနီးကပ်လာတဲ့ သဘောပါ။ အခုတော့ အမေကြီးနားနေပြီး အမေကြီး မကြိုက်တာ မလုပ်တော့ဘူး။ သူ့ဟာနဲ့သူ ပြန်အဆင်ပြေလာပါတယ်။

စီးပွားရေးလည်း လုပ်၊ ဘာသာရေးလည်း လုပ်ပါတယ်။ အမေကြီးနားနေပြီး ဝေယျာဝစ္စလုပ်နေရတော့ ပိုပြီး နီးစပ်လာတယ်လို့ ခံစားရပါတယ်။ ပန်းစေတီတည်တယ်။ ပန်းမွေ့ယာခင်းပေးတယ်။ ဆရာတို့နဲ့ လိုက်ပါရမီဖြည့်ပေးနေပါတယ်။ ပါရမီဖြည့်ပေးရင်း တစ်ဖက်တစ်လမ်းကလည်း ဝိပဿနာအလုပ် (တရားထိုင်) တယ်။ အိမ်မှာ ဘုရားပုံမှန်ရှိခိုးတယ်။ ငါးပါးသီလစောင့်ထိန်းတယ်။ မေတ္တာအထူးပို့ပေးတယ်။

အင်းစိန်ဘက်မှ အစ်မတော်အကြောင်း ကြုံတွေ့သမျှ ပြောပြပေးသော မမိုးမိုးခိုင်ကိုလည်း ကျေးဇူးတင်ပါသည်။

သိုက်ဘဝကလာသူများ၊ သိုက်နှင့်နီးစပ်သူများ၊ ဘာသာရေး များများပြုလုပ်ပေးရပါသည်။ ကုသိုလ်ကောင်းမှု လုပ်၊ မေတ္တာပို့ အမျှအတန်း ပေးဝေရပါသည်။ သိုက်ဘဝမှ လူ့ဘုံ လူ့ဘဝရောက်လာတာ ကုသိုလ်ကံကောင်းသည်ဟု မှတ်ယူပါ။ ဘာသာရေး ကုသိုလ်ကောင်းမှု မလုပ်ဘဲ ငယ်ငယ်ရွယ်ရွယ်နှင့် သိုက်ဘဝ ပြန်ရောက်သွားပါက နှစ်ပေါင်းကြာရှည် ဒုက္ခတိဘုံတွင် နေထိုင်ရပါက

နစ်နာစေတတ်ပါသည်။

## အစ်မတော်မြနန်းနွယ်အား ကန်တော့ပွဲအပ် ဆုတောင်းမှုပြုပုံ

ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ရှင်တွင် သာသနာပြု နေသော အစ်မတော်ဘုရား … အစ်မတော်၏ သားတော် ( ) နေ့သားနှင့် ( ) နေ့သမီးတို့မှ စေတနာသုံးတန် ပြတ်သား၍ ဤကန်တော့ပွဲကို အစ်မတော်အား ပေးအပ်လှူဒါန်းပါတယ်။ ကြွ ရောက်ပြီး အလှူခံတော်ဘုရား။ ဗိုလ်တထောင်ဘုရားကြီးနှင့် မဟာ ဓေယျသိဒ္ဓိမေတ္တာရှင်မုနိဘုရားတို့အား အစ်မတော်လှူဒါန်းနိုင်ရန် သားတော်၊ သမီးတော်တို့မှ အစ်မတော်ထံ ပေးအပ်ပါတယ်။ အစ်မ တော်လိုအပ်သလို အသုံးပြုတော်မူပါ။

ယနေ့မှစ၍ အစ်မတော်မှ မေတ္တာတရား ရှေ့ထား၍ ( ) သားနှင့် ( ) သမီးတို့အား သားသမီးအရင်းကဲ့သို့ စောင့်ရှောက် တော်မူပါ။ ( ) သား ( ) သမီး သွားလေရာ ဘေးရန်မခဘဲ အန္တရာယ်အပေါင်းမှ ကင်းဝေးပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ရန်သူမျိုးငါးပါးဘေးမှ ကင်းဝေးကြပါစေ။ စီးပွားလာဘ်လာဘများလည်း နှစ်ကာလမဆိုင်းဘဲ ရက်ပိုင်း၊ လပိုင်း အတွင်းမှာ သိသိသာသာကြီး ပေးသနားတော်မူပါ။ မသိလို့ မိုးချုပ် မသိလို့ မိုးလင်း၊ ယဲ့ရွယ်သူများဖြစ်၍ အစ်မတော်ကြီးအပေါ်မှာ သားတော်ကြီးတို့မှ ကာယကံ၊ ဝစီကံ၊ မနောကံ တစ်ပါးပါးဖြင့် ပြောဆိုပြစ်မှားခဲ့တာ ရှိပါကလည်း အစ်မတော်ဘုရားမှ မေတ္တာထား

၍ သားတော် (    ) နေ့သား၊ သမီးတော် (    ) နေ့သမီးတို့အား ကျေအေးတော်မူပါ။ ကျေနပ်တော်မူပါ အစ်မတော်ကြီးဘုရား။

(    ) နေ့သား (    ) နေ့သမီး၏ လိုအင်ဆန္ဒဖြစ်သော စီးပွားရေး၊ ကြီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေးပါမကျန် (မိမိလိုရာဆန္ဒအဓိကထည့်ပြောပါ) လိုအင်ဆန္ဒဟူသမျှတို့သည် ပြည့်စုံပြီး အဟန့်အတား၊ အတားအဆီး၊ အနှောင့်အယှက်၊ အတိုက်အခံများ လုံးဝမရှိစေဘဲ ခရီးမထောက် ပြီးမြောက်အောင်မြင်စေပြီး အစ်မတော်ဘုရား ဣဒ္ဓိပါတ်တန်ခိုးနဲ့ မေတ္တာတရား ရှေ့ထား၍ (    ) နေ့သား (    ) နေ့သမီး လိုအင်ဆန္ဒများအား ဆောင်ကြဉ်းပေးတော်မူပါရန် မေတ္တာရိပ်ကောင်း ဆုတောင်းမှု ပြုပါတယ် အစ်မတော်ဘုရား"

အစ်မတော်ဘုရား အထူးအားဖြင့် --- လုပ်ငန်း ---ကိစ္စ အခွင့်အရေးရစေရန် အစ်မတော်ကြီး ဣဒ္ဓိပါတ်တန်ခိုးဖြင့် ဆောင်နှင်းပေးတော်မူပါ။ ကူညီမစတော်မူပါ အစ်မတော်ကြီးဘုရား။ ဆက်လက်ပြီးတော့လည်း (  ) ရောင်းရန်ရှိပါတယ်။ အဆီးအတား အနှောင့်အယှက် မဖြစ်စေဘဲ- အတိုက်အခံ လုံးဝမရှိစေဘဲ သင့်တင့်လျောက်ပတ်သော ဈေးနှုန်းဖြင့် အမြန်ဆုံး ရောင်းထွက်သွားရန် အစ်မတော်ဣဒ္ဓိပတ်တန်ခိုးဖြင့် ဆောင်နှင်းပေးတော်မူပါ အစ်မတော်ကြီးဘုရား။

သားတော်ကြီး (  ) နေ့သား (အမည်ထည့်ပြော၍လည်း ရ) လိုအင်ဆန္ဒ --- အရောင်းအဝယ်ကိစ္စ အမြန်ဆုံးထွက်သွားရန်

အစ်မတော် ဏ္ဍဒ္ဒိပါတ်တန်ခိုးဖြင့် ဆောင်နှင်းပေးတော်မူပါ။ ပိုင်းဝန်း ကူညီဆောင်ရွက်ပေးတော်မူပါ အစ်မတော်ဘုရား။

လိုအင်ဆန္ဒများ ပြည့်ဝပါကလည်း ဒုတိယမြောက် 'အောင်ပွဲ' လာရောက်လှူဒါန်းပါမယ်။

ခရီးမထောက် ပြီးမြောက်အောင်မြင်သည်အထိ အစ်မတော် ကြီး ကူညီဆောင်ရွက်ပေးတော်မူပါရန် ယုံကြည်စွာ လျှောက်ထား တောင်းပန်အပ်ပါတယ် အစ်မတော်ကြီးဘုရား။

ကျွန်ုပ်---သားတော်ကြီး/သမီးတော် ဆောက်တည်၍ရသော သီလ၊ ပွားများရသော ဘာဝနာ လှူဒါန်းရသော ဒါနအကျိုးတရား တို့ကို အစ်မတော်မြနန်းနွယ်နှင့်တကွ ဘောဂဝတီ ရွှေနဂါးမယ်တော် ကြီး၊ သိုက်ချုပ်ဘိုးဘိုးကြီး၊ သိုက်ချုပ်မယ်တော်၊ ဆွေတော်မျိုးတော် အပေါင်းတို့ (၃၁) ဘုံ ကျင်လည်ကျက်စားကြသော သတ္တဝါအပေါင်း တို့သည် သားတော်ကြီး (  ) နေ့သား၊ သမီးတော် (  ) နေ့သမီး ပို့သသော အမျှရ၍ သာဓုခေါ်နိုင်ကြပါစေ။

အားလုံး ကြားကြားသမျှ အမျှ ယူတော်မူကြပါကုန်လော့။

(သာဓု ... သာဓု ... သာဓု)

အစ်မတော်အား ကန်တော့ပွဲ လှူဒါန်းရာတွင် ပြောဆို ဆုတောင်းပေးရာတွင် တစ်ဦးနှင့်တစ်ဦး ကွာခြားမှုရှိပါသည်။ မိမိ ကြိုက်သည့်နည်းနှင့် ပြောဆိုဆုတောင်းမှု ပြုနိုင်သည်။ မိမိလိုရာဆန္ဒ ကို ဦးတည်ဆုတောင်းနိုင်ပါသည်။ နဂါးမယ်တော်ထံတွင် ပွဲလှူသူ

အချို့လည်း တွေ့မြင်ရသည်။ အချို့ နို့၊ ပေါက်ပေါက်နှင့် ပဝါလှူကြသည်။ ထိုင်းနိုင်ငံမှ လာလှူသူများ နို့၊ ပေါက်ပေါက် အမြဲလှူသည်။ ယခင်က အစ်မတော်နား ချဉ်းကပ်၍ နို့၊ ပေါက်ပေါက် ဆက်ကပ်သည်။ နားနားကပ် ပြောဆိုကြသည်။

ယခု ပညာရှင်တို့၏ အကြံပေးချက်အရ နို့များဖိတ်စင်ပြီး အစ်မတော်ရုပ်တုပေါ်ကျခြင်း၊ နား၌ကပ်ပြောဆိုသောကြောင့် လူခန္ဓာနှင့် ထိခိုက်ခြင်း၊ ဤကဲ့သို့ ကြာရှည်ပြုလုပ်ပါက ရုပ်တု ထိခိုက်ပျက်စီးနိုင်၍ ယခုအခါ အတားအဆီး အကာအရံပြုလုပ်ထားပါသည်။ အပြင်ဘက်မှ လှူဒါန်းဆုတောင်းမှု ပြုရပါသည်။

ဦးနန်းဝေ ဦးဆောင်သောအဖွဲ့သည် စနေနေ့တိုင်း ကန်တော့ပွဲကြီးနှင့် ပန်းများ ဝေဆာအောင် လာလှူပါသည်။ နွေ၊ မိုး၊ ဆောင်း မပျက်ပါ။ စနေနေ့ညနေ ၆ နာရီမှ ၈ နာရီအတွင်း သွားရောက်လှူနိုင်သည်။

## အစ်မတော်ထံ ကန်တော့ပွဲလှူ ဆုတောင်းနည်း (တစ်နည်း)

ဘုရား၊ တရား၊ သံဃာ၊ အမိ၊ အဖ အနန္တငါးပါး ဦးထိပ်ထား၍ ယနေ့ မင်္ဂလာရှိသော အချိန်အခါအဖြစ် အစ်မတော်၏ သား (   )၊ သမီး (   ) တို့မှ ဂါရဝတရားရှေ့ထား၍ အဓိဋ္ဌာန်ပွဲများနှင့်အတူ လာရောက်၍ ကန်တော့ပန်းဆင်လှူဒါန်းပါတယ်။ အစ်မတော်ဘုရား မြင်တော်မူပါ။ ကြားတော်မူပါ။ သိရှိတော်မူပါ။ အသိအမှတ်ပြုတော်မူပါ။ အလှူခံရန်လည်း ဤကျောင်းတော်ကြီးကို ကြွတော်

မူပါ။ ကြွရောက်တော်မူပါ။ ကြွတော်မူပါ အစ်မတော်ဘုရား။ ဒုန်း၊ ငှက်ပျောပွဲ၊ ထီး၊ တံခွန်၊ ပန်း၊ ပဝါ၊ မာလာ စုံလင်စွာဖြင့် ကန်တော့ ပန်း ဆင်ပါတယ်။ ကြွရောက်အလှူခံတော်မူပါ (ပွဲတော်ကို မ,၍ အလှူခံတော်မူပါ) ဟု ပြောဆိုလှူဒါန်းပါ။

( )သားသမီး ( ) မိသားစုတို့သည် မကောင်းသော ဘေးရန်၊ မကောင်းသောဘေးအန္တရာယ်၊ မကောင်းသောရန်စွယ်၊ မကောင်းသောအတိုက်အခိုက်၊ (၂၅) ပါးသောဘေး၊ (၁၀)ပါးသော ဒဏ်၊ (၃၂)ပါးသောကံကြမ္မာ၊ (၉၆)ဖြာသော ရောဂါဝေဒနာ ကိုယ်တွင်း,ကိုယ်ပ၊ အိမ်တွင်း,အိမ်ပ၊ အရံတွင်း,အရံပ၊ ခြံတွင်း,ခြံပ ရှိရှိသမျှ ဘေးဒုက္ခအပေါင်း၊ ရောဂါဘယအပေါင်းတို့သည် ပိန်းကြာ ရွက်ဖြာ ရေမနားသကဲ့သို့ ကင်းစင်လွင့်ပျောက်ပါစေ။

အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း ဟူသော ကောင်းကျိုးချမ်းသာ မင်္ဂလာတရားနှင့် ပြည့်စုံပြီး ကုန်းဘေး၊ ရေဘေး၊ လေဘေး၊ လျှင် ဘေး စသည့် ဘေးဒုက္ခအပေါင်းမှ ကင်းစင်၍ ကာယသုခ၊ စိတ္တ သုခ၊ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့်တစ်လုံးတစ်ဝ ကြီး ပြည့်စုံပါစေ။ ပြောဆိုလုပ်ကိုင်သမျှ အောင်မြင်ပါစေ။ အပူ တရားများ ပျောက်၍ အအေးတရားများ ရောက်ရှိပါစေ။ သွားလမ်း သာ၍ လာလမ်းတွေ ဖြောင့်ကြပါစေ။ ဘေးအမျိုးမျိုး ကင်းပြီး စီးပွားဥစ္စာ လာဘ်လာဘတွေ တစ်နေ့တခြား တိုးတက်အောင်မြင် ပါစေ။

မချိုမ

ဤနေ့ ဤရက် ဤအချိန်မှစ၍ မိသားစုများ စီးပွားရေးလုပ်ငန်းများ၊ ရာထူးဌာနန္တရများ၊ အလုပ်အကိုင်များ ဆထက်တန်ဖိုး အောင်မြင်အောင်၊ တိုးတက်အောင် ဖွင့်ပေးတော်မူပါ။ ကူညီစောင့်ရှောက်တော်မူပါ အစ်မတော်ဘုရား။

မိမိဖြစ်လိုသော ဆန္ဒ အထူးဆုတောင်းမှုပြုပါ။

**သားသမီးရတနာအတွက်**

အနန္တငါးပါးဦးထိပ်ထား၍ ( ) သားနှင့် ( ) သမီးတို့မှ ဦးတိုက်ကာ ဂါရဝပြုပါတယ်။ ကျိုက်ဒေးအပ်ဆံတော်ဦး ဗိုလ်တထောင်စေတီတော်မြတ်ကြီးအား ဦးထိပ်ထား၍ သာသနာပြုနေပါသော ဘုရားအစ်မ ကျောင်းအစ်မကြီး တစ်ပင်တိုင်ကျောင်းတော်ကြီး၌ ( ) သား ( ) သမီးတို့မှနေ၍ အစ်မတော်၏ ခြေတော်ရင်းသို့ ခိုလှုံ၍ အမိဋ္ဌာန်ပွဲကို လာရောက်ဆက်ကပ် လှူဒါန်းပါတယ် အစ်မတော်ဘုရား။ ပူဇော်ပသ ကန်တော့ပန်းများ စတင်လှူဒါန်းပါ၏ဘုရား။ သိုက်ချုပ်ဘိုးဘိုးကြီးနှင့် သိုက်နန်းရှင်အပေါင်း၊ ဘောဂဝတီနဂါးမယ်တော်ကြီးတို့အား အမှူးထား၍ အစ်မတော်မြနန်းနွယ်အား လှူဒါန်းပါတယ်(လှူဒါန်းပါ၏)

အရဟံအစ ဘဂဝါအဆုံး ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော ဗုဒ္ဓမြတ်စွာဘုရားကို ရည်မှန်း၍ အစ်မတော်ဘုရားနှင့် ဆွေဆက်မျိုးဆက်များပါ အမိဋ္ဌာန်ပွဲကို ပူဇော်ဆက်သလှူဒါန်းကြပါကုန်လော့။

သားတော်သမီးတော်တို့နှင့် ထိုက်တန်သော သားကောင်း/သမီးကောင်း ရတနာကို ဖြစ်ထွန်းအောင် မကြာမီရက်ပိုင်း၊ လပိုင်းအတွင်း မင်္ဂလာသတင်း ကြားပြီး သားသမီးရတနာဖြစ်ထွန်းနိုင်ရေးကောင်းသော အတိတ်နိမိတ်များ ကြုံတွေ့ကြားသိရပါရစေ။

လူကောင်း လူတော်ဖြစ်သော သားသမီး ရတနာဖြစ်ထွန်းနိုင်ရေးအတွက် အစ်မတော်ဘုရားမှ ချီးမြှင့်ပေးတော်မူပါ။ ဆောင်ကြဉ်းပေးတော်မူပါရန် ဤအဓိဋ္ဌာန်ကို အာရုံပြု၍ ဆုပန်ကြားပါတယ် အစ်မတော်ဘုရား။



အစ်မတော်ကြီးနှင့်တကွ နဂါးဆက်ပုဂ္ဂိုလ်များ ( ) သား + ( ) သမီး ဇနီးမောင်နှံအား ဝိုင်းဝန်းကူညီဆောင်ကြဉ်း စောင့်ရှောက်တော်မူပါ။ (သားဖြစ်စေ/သမီးဖြစ်စေ တစ်ဦးဦးတော့ ရမှာသေချာပါသည်။ ဆုတောင်းသူအများစုလည်း ရကြတာ မျက်မြင်ကိုယ်တွေ့ဖြစ်သည်။)

သားသမီးရတနာ ဖြစ်ထွန်းလာပါကလည်း အောင်ပွဲအဖြစ် အမ်ဗွန်ပွဲကြီးကို လာရောက်လှူဒါန်း ကုသိုလ်ဆက်ပေးပါမယ်။

ကတိသစ္စာပြုပြီး ကုသိုလ်ကောင်းမှုကို အမျှအတန်း ပေးဝေပါ။

## ဘောဂဝတီနဂါးမယ်တော်

အစ်မတော် မြနန်းနွယ်ကျောင်းဆောင်ကြီးသို့ ရောက်သောအခါ ဦးစွာပထမ အစ်မတော်မြနန်းနွယ်ဘုရားကို ဦးတိုက်ရှိခိုးပူဇော်သင့်ပါသည်။ ဘုရားကန်တော့ပြီးမှ မိမိစိတ်ဆန္ဒအတိုင်း အလှူဒါနပြုသင့်ပါသည်။ ဘုရားကို ကျောခိုင်း၊ မေ့ထားပြီး မပြုလုပ်သင့်ပါ။

ထို့နောက် အစ်မတော်မြနန်းနွယ်ကို ကန်တော့ပွဲ လှူနိုင်ပါသည်။ အများအားဖြင့် ရောက်ရှိလာကြသော ပြည်တွင်း/ပြည်ပလာရောက်ဒါနပြုသူများမှာ အစ်မတော်မြနန်းနွယ်ကို ဦးစွာကုသိုလ်ဒါနပြုကြသည်။ အစ်မတော်နှင့် ဆွေတော်မျိုးတော် ကိုယ်စား ဘုရား

အာရုံပြုကပ်လှူကြသည်။ အစ်မတော်ဘုရား လှူရန် (လိုရာဆိုရန်) ကုသိုလ်ပြုပေးကြသည်။ စနေ၊ တနင်္ဂနွေ လူပိုများသည်။

မြန်မာလူမျိုးများသာမက လူမျိုးခြား မြန်မာနိုင်ငံသားများ၊ ပြည်ပ ထိုင်းနိုင်ငံသူ နိုင်ငံသားများ အထူးလာရောက်ပူဇော်ကြသည်။ ထူးခြားမှုမှာ ထိုင်းနိုင်ငံသားတွေက ဘာသာမြန်ကိုလည်း ဆုမတောင်းနိုင်း၊ တာဝန်ကျပုဂ္ဂိုလ်ကိုလည်း ဆုမတောင်းနိုင်းဘဲ သူတို့ကိုယ်တိုင် ဆုတောင်းကြသည်။

ထိုင်းနိုင်ငံသားက အစ်မတော်ကို ပဝါ၊ နွားနို့ဘူးနှင့် ပေါက်ပေါက်၊ အလှူငွေ၊ ပန်း စသည်တို့ လှူကြသည်။ အခြားပစ္စည်းက ပြဿနာမရှိပါ။ နွားနို့နှင့်ပေါက်ပေါက်က (ပဲနို့ဘူးက နို့ရည်)ပိုက်နှင့် ပါးစပ်နားကပ် ဆက်တော့ အရည်တွေ အစ်မတော်ပေါ် ကျကုန်၏။ ထိုင်းလူမျိုးက အစ်မတော်နားကပ်ပြောတော့ မြန်မာတွေကလည်း လိုက်လုပ်ကြသည်။ လူ၏နှုတ်မှ အပူငွေ့၊ သွားရည်တို့သည် အစ်မတော်ကို ထိစေနိုင်သည်။ ထိုနှစ်ချက်ကြောင့် ရေရှည်တွင် အစ်မတော်ရုပ်တု ထိခိုက်ပျက်စီးနိုင်၍ ယခု မည်သူမျှ အနားကပ်ခွင့် မပြုတော့ပေ။

အစ်မတော်ကို ကုသိုလ်ဒါနပြုပြီးပါက နဂါးမယ်တော်ထံ ချဉ်းကပ်ကုသိုလ်ဒါနပြု ဆုတောင်းမှု ပြုကြသည်။ နဂါးမယ်တော်ရုပ်တုက နောက်မှ အမျိုးသမီးတစ်ဦး လာလှူထားခြင်း ဖြစ်သည်ဟု သိရသည်။ မြနန်းနွယ်နှင့် အဆက်အစပ်မရှိဟု ဆိုသူက ဆိုကြသော်လည်း အကျိုးအကြောင်းဆက်စပ်၍သာ ရောက်ရှိလာရသည်

ဟု အများအားဖြင့် ယုံကြည်နေကြပါသည်။

အစ်မတော်မြနန်းနွယ် အတိတ်ဘဝတစ်ခုက စောနန်းနွယ် ဘဝဖြစ်ခဲ့ကြောင်း အဘအောင်ဆုရှင် (သာကီဝင်)၏ ပါရမီရှင်မလေး မြနန်းနွယ် စာအုပ်တွင် အကျယ်ချဲ့ရေးသားထားပါသည်။

စာရေးသူကိုယ်တိုင် အစ်မတော်မမြစိမ်းအကြောင်း ရေးရန် ပြည်မြို့သို့ သွားစဉ် အသံဖမ်းစက်နှင့် ကင်မရာပျောက်သွားသည်။ ဆရာမကြီး ယောဂီနန္ဒမာလာထံ ရောက်သောအခါ "ဆရာလှမျိုး က နဂါးစက်ရှိတယ်။ ယုံကြည်မှု မရှိဘူး။ ဗိုလ်တထောင်က နဂါး မယ်တော်ထံမှာ ကိုးဖီးပွဲလှူပေးလိုက်ပါ။ ပြီးမှ သွားကြည့်ပေါ့" ဟု အကြံပေးပါသည်။

စာရေးသူလည်း ကိုးဖီးပွဲ ဝယ်လှူကာ ဆုတောင်းမှုပြု သည်။ မကြာမီ ဆရာမကြီးယောဂီနန္ဒမာလာမှ တစ်သိန်းကျော်တန် အသံဖမ်းစက်ပေးသည်။ အမေရိကန်မှ ပြန်ကြွလာသော ပါဠိကာရီ ဆရာတော်မှ သုံးသိန်းကျော်တန် ဗီဒီယိုကင်မရာ ချီးမြှင့်သည်။ ဒုတိယအကြိမ် ပြည် ပန်းတောင်း ရွှေဘုံသာမုနိ အစ်မတော်မမြစိမ်း ထံသွားသောအခါ အားလုံးအဆင်ပြေသည်။

အစ်မတော်မမြစိမ်းကို ပွဲတစ်ပွဲ၊ နဂါးမယ်တော်ကို ပွဲတစ်ပွဲ လှူဒါန်းသည်။ စာရေးသူလည်း နဂါးမယ်တော်ကူညီ မစတာ လက်တွေ့ကြုံ၍ ယုံကြည်သွားသည်။

## ဘောဂဝတီနဂါးမယ်တော်ကို ဒါနပြုခြင်း (နဂါးစာချခြင်း)

အစ်မတော်မြနန်းနွယ် မွေးနေ့ ပူဇော်ပွဲ၊ သတ္တမမြောက်ကျော်အောင်စံထား ဆရာတော်ဘုရားကြီး၏မွေးနေ့ ပူဇော်ပွဲ၊ ရှင်ဥပဂုတ္တရဟန္တာ ဖောင်တော်မျောပွဲတို့တွင် နဂါးမယ်တော်တွေကို ကုသိုလ်ဒါနပြုကြသည်။ နဂါးစာကျွေး၊ နဂါးစာချသည်ဟု ဆိုကြသည်။ စာရေးသူကိုယ်တိုင်လည်း သုံးလေးကြိမ် လိုက်ပါဖူးပါသည်။

ကလေးသိုက်နန်းရှင် အစ်မတော်ရှမ်းမလေးနှင့် မောင်တော်ချက်ဖောင်း အောင်ပြည့်ဝ ဓာတ်နန်းမှ ရှမ်းမလေး နန်းကြာမှုံ (ခ) မလဝန်းကြည်ဖြူ ပြောပြပုံမှာ -

"သမီးတို့က အစ်မတော်မွေးနေ့မှာ အစ်မတော်ကိုယ်စား ဗိုလ်တထောင်ဘုရားကြီးကို ဦးစွာ ကုသိုလ်ဒါနပြု ပူဇော်ကြတယ်။ ပြီးတော့ အစ်မတော်နဲ့ နဂါးမယ်တော်ကို ဦးခိုက်ပြီး ရှမ်းမလေးနဲ့ မောင်တော်ချက်ဖောင်းကိုယ်စား စတုဒိသာကျွေးမွေးဒါန ပြုကြပါတယ်။

အရင်ကတော့ ဗိုလ်တထောင်ဘုရားကြီးကို ပူဇော်ပြီး အဓိဋ္ဌာန်ပုတီးစိပ်တာပါ။ နောက် အစ်မတော်မြနန်းနွယ်မှာ ကန်တော့ပွဲ လှူ၊ အဓိဋ္ဌာန်နေကြတာ တွေ့ရလို့ သမီးလည်း ဝင်ရောက်အဓိဋ္ဌာန်ပြု ဆုတောင်းကြည့်တယ်။ အဓိဋ္ဌာန်အောင်မြင်တာနဲ့ ၂၀၁၂ ခုနှစ်ကစပြီး နှစ်စဉ် မပျက် အစ်မတော်ပွဲမှာ ကုသိုလ်ဒါနတွေ လာပြုပေးနေတာပါ"

"ရေထဲသွားပြီး နဂါးစာချတာ ဘယ်လိုအဓိပ္ပာယ်လဲ။ ဘာတွေ ထည့်လှူပေးရတာလဲ"

"နဂါးဖောင်ပေါ်မှာ အတာအိုးတစ်အိုး၊ ကန်တော့ပွဲ တစ်ပွဲ တင်လှူတာပါ။ အတာအိုးထဲမှာ နွားနို့၊ ပေါက်ပေါက်၊ ထောပတ်၊ ပျားရည်၊ ကြက်ဥ၊ နှင်းဆီပန်း၊ ငှက်ပျောသီးထည့်ထားတယ်။ အိုးကို ပဝါအစိမ်းနဲ့ ပတ်ထားတယ်။ ကန်တော့ပွဲလည်း ပါတယ်။ စုစုပေါင်း ကိုးမျိုးပါ။

ဘောဂဝတီမယ်တော်ကြီးအတွက် နဂါးစာကို နွားနို့၊ ပေါက်ပေါက်နဲ့လှူတာလည်း ရှိတယ်။ သမီးတို့ကတော့ ကိုယ်လည်း ကောင်းကောင်းစားပြီး နဂါးမင်းကြီးနဲ့ နဂါးဆွေတော်မျိုးတော်တွေကိုလည်း ကောင်းတဲ့အစားအစာတွေ ထည့်လှူတဲ့သဘောပါ။

ရှေးနန်းစဉ်နန်းဆက်က နဂါးစာ နဂါးသိုက်အလှူကို ကိုးမျိုးနဂါးစာ ထည့်လှူတယ်လို့လည်း မှတ်သားရပါတယ် လေးလေး"

"မွေးနေ့ပွဲမှာမှ လှူတာလား၊ ကြားရက်တွေမှာကော လှူလို့ ရလား"

"ရတယ်လေ လေးလေး။ သမီးတို့ ကြားရက် စနေနေ့တွေမှာလည်း နဂါးစာ လှူကြပါတယ်။ အဓိကကတော့ တာအိုးနဲ့ ကန်တော့ပွဲပါအောင် လှူတယ်။ ဖောင်တော်ကတော့ အစဉ်အလာ မပျက် စတီပြုလုပ်ထားတာပါ။

ဝါးဖြင့် ပြုလုပ်ထားသော တစ်ပေခွဲ နှစ်ပေလောက် ရှိသည့် ဖောင်တော်အသေးပြပါသည်။ အောက်မှာ ရေသန့်ဘူးတွေ

ချည်ထားသည်။ မွေးနေ့မှာတော့ ၄ ပေ × ၃ ပေ ဖောင်တော်ကြီး လုပ်မျှောတာပါ။ ကြားရက်ကတော့ အတာအိုးကို ရေထဲမျှော၊ ကန်တော့ပွဲကိုလည်း တောင်းနဲ့ထည့်ပြီး ရေထဲမျှောလိုက်တာပါ”

“အမိက ဘာကိုရည်ရွယ်ပြီး လုပ်တာလဲ”

“သမီးတို့ကတော့ စီးပွားရေးအတွက် အမိကလုပ်ပေးတာပါ။ အချို့လည်း အဓိဋ္ဌာန်ထားပြီး အောင်မြင်လို့ လာလှူကြတယ်။ အချို့ (၇) နေ့သားသမီး စုပေါင်းလှူကြတယ်။ သမီးတို့က သံသရာအဆက်ဆက်က တစ်နည်းမဟုတ် တစ်နည်း နဂါးမယ်တော်၊ သိုက်တွေနဲ့ ဆွေမျိုးတော်စပ်ခဲ့ကြတယ်လို့ ယုံကြည်တယ်။

အချို့က မယ်တော်ကြီးကို အာရုံပြုပြီး နဂါးမယ်တော်ရှေ့မှာ ဒါနပြုပြီး “နဂါးမယ်တော်ကြီးဘုရား ... သမီးတို့လိုအပ်နေသော၊ အခက်အခဲဖြစ်နေသော ငွေကြေးကိစ္စ အဆင်ပြေပါက ငွေကြေးပြည့်မီခဲ့ပါက ( ) ဤမည်သော အလုပ်ကိစ္စ အောင်မြင်ပါက စနေနေ့မှာ သမီးတော်လေးတို့နဲ့အတူ နဂါးစာ ချပေးပါမယ် မယ်တော်ကြီးဘုရား။ သမီးတော် ( ) သမီးနှင့် သားတော် ( ) နေ့သား ( ) ဤမည်သောကိစ္စ အောင်မြင်ပါက ကတိသစ္စာ မပျက်ပြုလုပ်ပေးပါမယ် မယ်တော်ကြီးဘုရား စသည်ဖြင့် အဓိဋ္ဌာန်ကြပါတယ်။

“ဘောဂဝတီနဂါးမယ်တော်ကြီး ရှေ့မှာ အမိက ကိုးဖီးပွဲလှူရတာလား”

“ဟုတ်ပါတယ်။ ကိုးဖီးပွဲ လှူရာမှာ မြတ်စွာဘုရားနှင့်

ရဟန္တာအရှင်သူမြတ်များအား မယ်တော်ကြီးတို့ စိတ်ကြိုက်လှူဒါန်းနိုင်ကြပါစေရန် သားတော်၊ သမီးတော်တို့မှ အမေကြီးကို လှူဒါန်းပါတယ်။ ဘုရားရှေ့မှာလှူပြီး (အမေကြီးကိုယ်စား လှူဒါန်းပေးပါတယ်) စသည်ဖြင့် ပြောဆိုလှူဒါန်းနိုင်ပါတယ်။

ယခင်က ရှင်ဥပဂုတ္တဖောင်တော် စတင်မျှောခဲ့ လှူဒါန်းခဲ့ကြကြောင်း ပထမံဆရာကြီးက ပြောပြပါသည်။ နဂါးစာကျွေးခြင်းကို နဂါးဒေါ်စောတို့ စတင်ခဲ့သည် ဟူ၍လည်း ကြားသိရပါသည်။

ရှမ်းမလေးမှ ပြောပြရာတွင် "တစ်ခါတလေလည်း အိုးအစား ပလတ်စတစ်ဇလုံ၊ ပလတ်စတစ်ခွက်နဲ့ ထည့်လှူတာရှိတယ်။ အချို့လည်း ရေထဲကို သွန်ချလှူကြတယ်။ နဂါးတွေ၊ သိုက်တွေက အမွှေးနံ့သာ၊ ပန်းတွေ အရမ်းကြိုက်တယ်။ အလှအပတွေ ကြိုက်ကြတယ်။ ဒါကြောင့် ဆရာဦးနန်းဝေတို့အဖွဲ့က အစ်မတော်တွေကို ပန်းစေတီ ပြုပြင်ပေးကြတယ်။ ဘုရားအရှေ့မှာ အစ်မတော်တွေကိုယ်စား ပန်းစေတီတွေ လှူပေးတယ်။ ဝတ်လဲတော် အမျိုးမျိုး လဲပေးကြတယ်။ မိတ်ကပ်ခင်စန်းဝင်းဆို သူ့မိတ်ကပ်ပညာ အစ်မတော်ကို လှူဒါန်းထားတယ်။

မဝါဝါသန်းဆိုရင်လည်း အိပ်မက်အရ အစ်မတော် မွေးနေ့ပွဲမှာ တာဝန်ယူပြီး အလှပြင်ပေးတယ်။ ခင်စန်းဝင်းက တနင်္လာသမီး၊ တနင်္လာနေ့ညနေဆို ဗိုလ်တထောင်ဘုရား၊ တနင်္လာထောင့်မှာ ရွှေငှက်ပျောသီး (၁၀၈) ဖီးကို စားပွဲခုံနဲ့ ကျကျနန လှူပေးထားတာ။

"အစ်မတော်ထံကျတော့ ဘာတွေ ရည်ရွယ်ပြီး လှူကြတာ

လဲ သမီး"

"စီးပွားရေး၊ အိမ်ထောင်ရေး၊ လူမှုရေး၊ ကျန်းမာရေး အစုံပါပဲ။ အချို့ သိုက်ကလာလို့ အိမ်ထောင်ပြုလို့ မရဖြစ်နေတယ် ဆိုရင် အစ်မတော်ကို ကန်တော့ပွဲ လှူ၊ ခွင့်တောင်းရတယ်လို့ ဆို ပါတယ်။

နဂါးမယ်တော်ကျတော့ 'စီးပွားရေး' အဓိကလှူတယ်။ နဂါးကြီးစိုးတဲ့ စနေနေ့မှာ လှူကြတယ်။

ရှပ်ရှင်မင်းသား၊ မင်းသမီးတွေလည်း စန်းပွင့်ပြီး လူကြိုက် များစေဖို့၊ သူတို့အနုပညာလုပ်ငန်းအောင်မြင်ဖို့ ညာဘက်မှာ ဂေါပက ကို ခွင့်တောင်းပြီး အစ်မတော်ထံမှာ ကန်တော့ပွဲ လာရောက်လှူဒါန်း ကြတယ်။

ထိုင်းနိုင်ငံသားတွေကျတော့ ဗိုလ်တထောင်ဘုရားကို ဦးစွာ ပူဇော်ပြီး ဘိုးဘိုးကြီးနန်း ဝင်ကြတယ်။ သူတို့ နဖူးနဲ့ ဘိုးဘိုးကြီး လက်ညှိုးထိပြီး လက်ညှိုးညွှန်ရာ ရွှေဖြစ်စေ (ကိုယ်လိုရာဆန္ဒပြည့် စေ) ဖို့ ဆုတောင်းကြတယ်။ ပြီးမှ အစ်မတော်နဲ့ နဂါးမယ်တော်ထံ ဝင်ရောက်ပူဇော် ဆုတောင်းကြပါတယ်။)

မေးမြန်းသမျှ စိတ်ရှည်လက်ရှည် ဖြေကြားပေးပြီး မွေးနေ့ ပွဲတွင် လေ့သမွှာန်သုံးစီး ရှမ်းအိုးစည်ဖြင့် ပျော်ပျော်ပါးပါး ကုသိုလ် ဒါနပြုကြပုံကို ခွေထိုး၍ ဖွင့်ပြပါသည်။

ထို့အပြင် ဆီချက်၊ အအေးဖျော်ရည်လည်း ကျွေးမွေးဧည့်ခံ သော ရှမ်းမလေး နန်းကြာမွှံအား အထူးကျေးဇူးတင်ပါသည်။

အစ်မတော် မြနန်းနွယ်၊ နဂါးမယ်တော်ထံတွင် မိမိကိုယ်တိုင် ပွဲလှူ၊ ကိုယ်တိုင်ပြောဆိုဆုတောင်းမှု ပြုနိုင်ပါသည်။ စိတ်ထဲရှိတာ ပြောဆို ဆုတောင်းပါ။ ရှေ့မှာပြောဆိုနည်းလည်း ရေးသားဖော်ပြပေးထားပါသည်။ မိမိဘက်က မေတ္တာ၊ သစ္စာဖြင့် ပြုလုပ်ပါက အောင်မြင်နိုင်ပါသည်။ သစ္စာ၊ မေတ္တာ နှစ်ပါး လက်ကိုင်ထားဆောင်ရွက်ကြပါဟု တိုက်တွန်းအပ်ပါသည်။

မည်သည့်ပုဂ္ဂိုလ်လှူလှူ၊ ဆုတောင်းတောင်း၊ ဘုန်းတော်ဉာဏ်တော် အနန္တ၊ ဂုဏ်တော် ကိုးပါးနှင့် ပြည့်စုံတော်မူသော ဗိုလ်တထောင် ကျိုက်ဒေးဒပ်ဆံတော်ဦးစေတီ၊ ပွင့်တော်မူပြီး မြတ်စွာဘုရားကြီးတို့အား ဦးထိပ်ထား ဦးစွာပူဇော်ပြီးမှ မိမိလှူလို၊ ပူဇော်လိုသည့် ပုဂ္ဂိုလ်ကို ပူဇော်ပါ။ မေတ္တာပို့သပြီး ကုသိုလ်ကောင်းမှုကို အမျှအတန်းပေးဝေကြပါ။

(၃၁) ဘုံကောင်းဖို့ ကုသိုလ်နဒါပြုကြပါစို့။

**ဂမ္ဘီရဆရာလှမျိုး(B.Sc)**
09-420047869